ငါကျူးလွန်မိတဲ့
ကံတစ်ပါးဟာ
မင်းပဲ...
မယ်ညို
Whisper Of Words

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။

တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။

ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝ မရှိသလောက် ဖြစ်သည်။

ထိုအခက်ခဲများကိုကျနော်တို့တတ်နိုင်သည့်ဘက်မှကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်းဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီးကိုယ်ကျိုးအတွက်လုံးဝ(လုံးဝ)အသုံးမပြုပါ။

"စာရေးဆရာများနှင့် စာပေထုတ်လုပ်ရေးများသို့ ပန်ကြားချက်"

စာပေထုတ်ဝေသူတို့နှင့် ဆရာ၊ ဆရာမများ အနေဖြင့် မြန်မာနိုင်ငံအတွင်းက e-Books Market အတွက်ကိုလည်း ဖြည့်ဆည်း ပေးနိုင်ရန် အကြံပြုလိုပါသည်။ eBooks Digital Marketဟာ မြန်မာနိုင်ငံမှာ ကြီးမားစွာ ရှိနေပါပြီ။

Digital Product ဖြစ်သည့်အတွက် ဆရာ၊ ဆရာမများ အတွက်လည်း ပိုမိုအကျိုးများပါသည်။

ကျွန်ုပ်တို့ ယခုကဲ့သို မူပိုင်ခွင့် ချိုးဖေါက်နေမှုများကိုလည်း လိုအပ်ချက်အရဟု နားလည်ခွင့်လွှတ်ပေးပြီး စာချစ်သူ၊ စာဖတ်သူများ ဆီသို့ တစ်နည်းနည်းနှင့် ပို့ပေးနေသည်ဟု နားလည် ပေးကြပါရန် ပန်ကြားတောင်းဆိုအပ်ပါသည်။

"စာဖတ်သူများသို့ ပန်ကြားချက်"

စာဖတ်သူများသို့ ပန်ကြားလိုသည်မှာ eBook ဖတ်ပြီးလို့ "ကြိုက်နှစ်သက်တယ်" စာရေးသူများအား "အသိမှတ် ပြုသင့်တယ်" လို့ ယူဆပြီး ဖတ်ပြီးသွားလျှင်တောင် လက်လှမ်းမှီပါက မူရင်းစာအုပ်ကို ဝယ်ယူအားပေးကြပါ။

စာအုပ်များဝယ်ယူမှု မရှိလျှင် မိမိကြိုက်သော ဆရာ၊ ဆရာမတို့ နောက်ထပ် နောက်ထပ်သော ဖန်တီးမှုတို့ ပြုလုပ်ရန် ခက်ခဲပါလိမ့်မည်။ ထိုအခါ စာချစ်သူ၊ စာဖတ်သူများနှင့် မြန်မာနိုင်ငံ စာပေလောက အတွက် အနာဂတ် ကလေးငယ်များ အတွက် များစွာ နစ်နာကြပါလိမ့်မည်။

ကျွန်တော်တို့ အဖွဲ့သားများဆိုလျှင်လည်း (Ebook ရှိလျှင်) Ebook များ ကို အဓိက ဖတ်ကြပါသည်။

ပြီးလျှင် စာရေးဆရာတို့အား "အသိမှတ်ပြုသောအားဖြင့်" တစ်ခုတည်းကို ရည်ရွယ်ပြီး စာအုပ် ဝယ်လိုက်တာတွေ များစွာရှိပါသည်။

ထို့ကြောင့် လက်လှမ်းမှီပါက မိမိကြိုက်နှစ်သက်သော ဆရာ၊ ဆရာမတို့၏ မူရင်းစာအုပ်များကို ဝယ်ယူအားပေးကြဖို့ တိုက်တွန်းပါသည်။

အခကြေးငွေဖြင့် ရောင်းချခြင်း မပြုရ

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

Telegram

WHISPER of WORDS

https://t.me/TheBookR

မယ်ညို

Whisper Of Words

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေခြင်း-အဌမအကြိမ်၊ အုပ်ရေ ၁၀၀၀

ဖေဖော်ဝါရီလ၊ ၂၀၂၄ ခုနှစ်။

ထုတ်ဝေသူ-ဒေါ်အိအိချို (၀၂၈၂၈)၊ မြဝတ်ချိုစာပေ

အမှတ် ၂၀၊ ဗိုလ်ချုပ်လမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်။

ဖုန်း-၀၉ ၂၅၀၀၁၁၅၂၁

မျက်နှာဖုံးဒီဇိုင်း -Youn illustration

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်-ဦးကျော်ကျော် (မြ ၁၀၃၅၈)၊ အောင်သုတပုံနှိပ်တိုက်၊

အမှတ်(၉၂/အေ)၊ စက်မှုဇုန်(၃)လမ်း။

တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။

တန်ဖိုး-၃၅၀၀ ကျပ်

Ebook Creator- Whisper Of Words

ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း (CIP)-

ငါကျူးလွန်မိတဲ့ ကံတစ်ပါးဟာ မင်းပဲ /မယ်ညို ။ ရန်ကုန်။

မြဝတ်ချိုစာပေ၊ ၂၀၂၃။

၁၁၆ စာ၊၁၃ × ၂၁စင်တီ။(၁)ငါကျူးလွန်မိတဲ့ ကံတစ်ပါးဟာ မင်းပဲ

အပိုင်း (၃)

ဘယ်တော့မှ ပြန်မဖတ်တော့ဘူး၊ ဆက်လည်း မရေးတော့ဘူး ဆိုပြီး သိမ်းထားခဲ့တဲ့ အဆုံးမရှိသေးတဲ့ ဇာတ်လမ်းလေး။ လွန်ခဲ့တဲ့ ၁၄နှစ်က ရေးဖြစ်ခဲ့တဲ့ နောက်ဆုံးအချစ်၊ နောက်ဆုံး စာမျက်နှာ ကျွန်မအတွက် နောက်ဆုံးရင်နာစရာ အဖြစ်ပျက်ကလေး ပေါ့။

အခန်းပြတင်းပေါက်ကနေ မိုးစက်လေးတွေကို မြင်နေရတယ်။ သဲကြီးမဲကြီး ရွာနေတဲ့ မိုးဟာ ကျွန်မကိုပါ ငိုဖို့ အဖော်ခေါ်နေသလို။ အရင်လို ပေါ့ပေါ့ပါးပါး မိုးရေထဲ ထွက်ပြေးဆော့လိုက်ရအောင်လည်း ကျွန်မခြေထောက်က အရင်လို မဟုတ်တော့ဘူး။

ကျွန်မ လူတစ်ယောက်ကို လွမ်းတယ်၊ ပြီးတော့ ငိုချပစ်လိုက်ချင် တယ်။ ဒီစာအုပ်လေးကိုလည်း ပြန်လည် ခံစားချင်နေတယ်။ အဲဒီနေ့ကလည်း မိုးတွေ သဲကြီးမဲကြီး ရွာနေခဲ့တယ်။ "ဂျိန်း"

အဆောင်ကို စပြောင်းလာတော့ သူငယ်ချင်းနှစ်ယောက် ယောင်လည်လည်နဲ့ပါပဲ။

သူ့နာမည်က သက်သက်လွင်တဲ့၊ ကျွန်မကတော့ ငယ်လို့ပဲ ခေါ်တယ်၊ ကျွန်မကိုတော့ ငယ်က မေလို့ ခေါ်တယ်။

ကျွန်မနာမည်က မြူနှင်းမေ။

ငယ်နဲ့ သူငယ်ချင်းဖြစ်တာ သုံးနှစ်လောက်ပဲ ရှိဦးမယ်။ ဒါပေမဲ့ ငယ်က ကျွန်မစိတ်ကို နားလည်တယ်၊ မျှဝေခံစားပေးနိုင်တယ်၊ ကျွန်မကို မျက်ရည်အကျမခံတဲ့ သူမျိုးပေါ့။ ကျွန်မ ပြုံးနေရင် သူပါ ပျော်တယ်တဲ့ ငယ်က ကျွန်မအတွက်တော့ အကောင်းဆုံးတစ်ဦးတည်းသော သူငယ်ချင်းပါပဲ။

"မေ့ အဲဒါ ဘာလုပ်နေတာတုံး…" "မိုးရေချိုးနေတာလေ"

"ဟာ… ကလေးလည်း မဟုတ်ဘဲ၊ လာတော့၊ သူများတွေ မြင်ရင် ပြောနေဦးမယ်၊ လာ…လာ၊ ပြီးတော့ နေမကောင်းဖြစ်လိမ့်မယ် ဟဲ့"

မိုးရေတွေနဲ့အတူ ကလေးတစ်ယောက်လို ဆော့ကစားနေတဲ့ ကျွန်မကို ဖျားမှာစိုးလို့ အခန်းထဲကနေ တဆူဆူတပူပူ ငယ်က အော်၍ ခေါ်နေခဲ့တယ်။

"လာပြီ… လာပြီ၊ ဘာမှန်းလဲ မသိဘူး၊ ငယ်က သူများချိုးလို့ ကောင်းနေတာကို"

"ဖျားမှာစိုးလို့၊ ရာသီဥတုက ပုံမှန်လည်း မဟုတ်ပဲနဲ့"

“ရေထပ်ချိုးလိုက်ဦးမယ်””

“အင်း.. ရေချိုးပြီးရင် လာခဲ့၊ ခေါင်းသုတ်ပေးမယ်၊ Dryer က ပျက်နေတယ်ထင်တယ်”

“အင်း”

အဆောင်သစ်ဆိုပေမယ့် ဘေးအခန်းဖော်တွေနဲ့လည်း စကား မပြော။ နှစ်ယောက်ထဲ ပေါ့ပေါ့ပါးပါး နေဖြစ်ခဲ့ကြတယ်။ ငယ်က မနက်ရှစ်နာရီဆို အလုပ်သွားတာမို့ မနက်စာကို ပြင်ပေးခဲ့တယ်။

နေ့လယ်စာကိုတော့ နှစ်ယောက်စလုံး အပြင်မှာ စားကြတယ်။ ပြီးတော့ ကျွန်မက အချိန်ပိုင်းအလုပ်လုပ်တာမို့ ညနေသုံးနာရီဆို အဆောင်ကို ပြန်ရောက်တယ်၊ ညနေစာကို ကျွန်မက တာဝန်ယူတယ်၊ အားရင်တော့ စာထိုင်ရေးတယ်၊ ကျွန်မက စာရေးဆရာမ သိပ်ဖြစ်ချင်တာကိုး။

“ဒေါက် ဒေါက်... ဒေါက်"

တံခါးခေါက်သံကြောင့် သွားဖွင့်ကြည့်လိုက်တော့ ဘေး အခန်းက အစ်မကြီး။

“ညီမလေးတို့က အသစ်ပြောင်းလာတဲ့ သူတွေလား” “ဟုတ် မ၊ လာလေ ထိုင်ပါဦး” ဆိုပြီး ထိုင်ခုံ ယူပေးလိုက်ပေမဲ့ စိတ်ထဲတော့ ငယ်သိရင် ဆူတော့မှာကို စိုးရိမ်နေခဲ့တယ်။ “နှစ်ယောက် မဟုတ်လား"

“ဟုတ်၊ ငယ်က အလုပ်သွားပြီ”

“ညီမလေးကရော

“ညီမက ခဏနေမှ သွားရမှာ၊ အချိန်ပိုင်းအလုပ်ဆိုတော့

"သြော်... ညီအစ်မတွေလား နှစ်ယောက်က”

“ဟုတ်ဘူး၊ သူငယ်ချင်းတွေ မ" " "သြော်...အင်း အင်း၊ အစ်မက ဘာရယ် မဟုတ်ပါဘူး၊ ဘာလေးများ ကူညီရမလဲလို့”

"သြော်ရပါတယ်၊ကျေးဇူးတင်ပါတယ် မရယ်”

“သြော်“အစ်မ နာမည်က မမော်လို့ ခေါ်တယ်၊ တစ်ခုခုဆို ဘေး အခန်းကပ်ဆိုတော့ လှမ်းခေါ်လိုက်နော်၊ လိုတာပြော သိလား၊ ကူညီ ပေးမယ်”

“ဟုတ်ကဲ့ မ” လို့သာ ပြောလိုက်ရတာ သူ့မျက်လုံးတွေကို သဘောမကျ။

အခန်းကို နေရာစေ့ လိုက်ကြည့်ပြီး မေးနေမြန်းနေလိုက် တာများ ကြည့်လို့ မရတော့တာနဲ့။ “မေ အလုပ်သွားဖို့ လုပ်လိုက်ဦးမယ်နော်” . “ဩော်... အေး အေး .. ဒါဆို အစ်မလည်း ပြန်တော့မယ် လုပ်လုပ်”ဆိုပြီး ထွက်သွားတယ်။

ညနေရောက်တော့ –

“မေရေ၊ ပြန်ရောက်ပြီနော်” “အေး အေး၊ ရေချိုးလိုက်ဦး၊ ငါထမင်းခူးထားမယ် ငယ် ပြီးရင် လာ၊ ပူပူလေး စားကြမယ်၊ ပြီး ပြောစရာ ရှိတယ်၊ ဩော် မနက်ကလေ ငယ်၊ ဟိုဘက်အခန်းက မမော်ဆိုလား လာသေးတယ် သိလား၊”

“ဘာလာလုပ်တာ” “ဟိုမေးဒီမေး လာစပ်စုတာနေမှာပေါ့၊ မျက်လုံးကလည်း အခန်းရဲ့ နေရာအစုံ လိုက်ကြည့်တယ်၊ သိလား" “ဘာလို့ ဖွင့်ပေးလိုက်တာလဲ မေက” “မသိဘူးလေ၊ အိမ်ရှင်လားလို့ပေါ့၊ မဖွင့်ပေးရင်ရော

ကောင်းပါ့မလား

“ကောင်းကောင်း၊ မကောင်းကောင်း မေ၊ နောက်မဖွင့်ပေးနဲ့ လာစပ်စုပြီးရင် ရပ်ကွက်ထဲ အတင်းပတ်တုတ်မယ့်ဟာတွေ” ““အင်းပါ””

ငယ်က သန်မာတယ်၊ ရက်စက်တယ်၊ ရိုင်းစိုင်းတယ်လို့

ထင်ရတယ်။

လူအများကလည်း သူ့ကို ဒီလိုပဲ ပြောကြတယ်။ ကျွန်မကတော့ ငယ့်စိတ်နဲ့ ငယ့်နှလုံးသားကို သိနှင့်ပြီးသားမို့ ဘယ်သူတွေ ဘယ်လိုပဲ ပြောပြော ငယ်ဘေးမှာပဲ နေတယ်၊ ငယ့်ကို ချစ်တယ်၊

ငယ့်မှာ ကျွန်မ သိပ်သဘောကျတဲ့ ပါးချိုင့်လေးတစ်ဖက် လည်း ရှိတယ်။

ငယ်က ပုပုလေး၊ ကျွန်မက အရပ်ရှည်ရှည်၊ ပြီးတော့ ငယ်က ဖြူဖြူ၊ ကျွန်မကဖြင့် အသားညိုညို ဆံပင်ရှည်ရှည်၊ ငယ်က ကုတ်ဝဲလေး၊ ဆန့်ကျင်ဘက်တွေနဲ့ ဆိုပေမဲ့လည်း တိုင်ပင်ရ၊ ပြောဆိုရ လွယ်တယ်၊ နားလည်ဖို့ရာ နှစ်ခါ မပြောရဘူး။ ဒီလိုပါပဲ မျိုးမတူတဲ့ ဆန့်ကျင်ဘက် သံလိုက်တွေဟာ ပိုပြီး ဆွဲငင်ကြတယ် မဟုတ်လား။

ရေမိုးချိုး၊ စားသောက်ပြီးကြတော့“ပြောစရာရှိတယ်ဆို ဘာပြောမလို့လဲ ငယ်” “ဒီနေ့ အလုပ်ထဲမှာဟာ...

ဆိုပြီး အစချီလိုက်တာ ညအိပ်တဲ့ အထိပါပဲ။ သူလည်း ဘယ်အချိန် အိပ်ပျော်သွားသလဲ မသိ၊ ကျွန်မလည်း ဘယ်အချိန် အိပ်ပျော်သွားလဲ မသိ။ ငယ်က သူ့အလုပ်ထဲမှာ အဆင်မပြေတဲ့အကြောင်းအစကလေးသာ သိလိုက်သည်။

“မေရေ၊ ငါ အလုပ်သွားပြီနော်” ငယ့်ခေါ်သံကြားမှပဲ လန့်နိုးသွားခဲ့တယ်။ ““ငယ်မနက်စာ မုန့်ဟင်းခါး ဝယ်ထားတယ်၊ ထမင်းနဲ့စားလိုက်နော်၊ မနက်ဖြန်ကျမှ မနက်စာကို ကောင်းကောင်းလုပ်ပေးမယ်နော်။”

“ဟုတ်၊ ဂရုစိုက်သွားဦး ငယ်" 'ဩော် မေ့တော့မလို့၊ မေ အလုပ်သွားရင်လေ ဆိုင်ကို Dryer လေး ဝင်ထားခဲ့ပေးပါလား၊ အပြန်ကျမှ ငယ် ဝင်ယူလိုက် မယ်လေ၊ အခုက ဆိုင်မဖွင့်သေးလို့၊”

“ဟုတ်” “ကားဂိတ်နောက်က ဆိုင်လေ၊ သိတယ်ဟုတ်လား” အင်း

ငယ်ထွက်သွားတာကို ဝရန်တာကနေကြည့်ပြီး ညက သူရင်ဖွင့် ခဲ့သမျှတွေကို ပြန်သတိရမိတယ်။ ငယ်က သိပ်သနားဖို့ကောင်းတာ ပဲ။ အဆောင်ရှေ့မှာ ကားလမ်း ရှိတယ်၊ ကားဂိတ်က အဆောင်နဲ့ မျက်စောင်းထိုးလောက်မှာလေ၊ ဝရန်တာကနေ ငယ့်ကို လှမ်းကြည့် နေမိတယ်။ ငယ်ရပ်နေတဲ့နောက်မှာ လျှပ်စစ်ပစ္စည်းဆိုင် ရှိတယ်။ အဲဒီဆိုင်က သူများဆိုင်တွေနဲ့ မတူဘူး၊ မနက် ဆယ်နာရီ ကျွန်မ အလုပ်သွားချိန်လောက်မှ ဆိုင်ခင်းတာ။ ဘောစိတွေထိုင်တဲ့ ဆိုင်ထင် ပါရဲ့။ ကျွန်မ အဆောင်ကနေထွက်ပြီဆိုရင် သူ ကျွန်မ နောက်က စက်ဘီးနဲ့ပါလာတယ်။ ကျွန်မကိုကျော်တက်ပြီး ဆိုင်ခင်းတယ်။ တစ်ခါတလေ တိုက်မိမလို ဖြစ်တတ်သေး။ သူနဲ့ ကျွန်မက စကား မပြောဖူးပေမဲ့ မြင်နေကျ၊ တွေ့နေကျဆိုတော့ ရင်းနှီး သလိုလိုတောင် ရှိတယ်။

ဆူးလေကားက အရမ်းစောင့်ရတယ်။ တစ်ခါတလေ အလုပ် နောက်ကျသည်အထိပါပဲ၊ ကားစောင့်နေရတဲ့ အချိန်တွေဆို အမြဲလိုလို ဆိုင်ခင်းနေတဲ့ အဲဒီလူကိုကြည့် နေမိတယ်။ သူ့ပုံစံက ပုဆိုးတိုတိုနဲ့ အသားကမည်းသေး၊ ကွမ်းကလည်း စားသေး။ သူ့ဆိုင်ကနေ ကျွန်မတို့အဆောင်ရှေ့ထိ ကွမ်းယာလာဝယ်တယ်။ နေပူလည်း အဆောင်းမပါ၊ မိုးရွာလည်း အဆောင်းမပါနဲ့။ သူ စက်ဘီးပေါ်ကဆင်းရင် သူ့ပုဆိုး နောက်မှာ အကွက်တစ်ကွက် စက်ဘီးကို ရေမသုတ်ခဲ့ဘူး ထင်ပါတယ်၊ နေ့တိုင်း သူ့ကို ကြည့်ပြီး ပြုံးနေရတာလည်း အလုပ်တစ်ခုလိုပဲ။ တစ်ခါတလေ ကျွန်မ ကားပေါ်တက်တဲ့အထိ သူ ဆိုင်လာ မခင်းရင် ကျွန်မ လိုက်ရှာနေမိသေးတယ်။ ကိုးနာရီကျော်သွားလို့ အလုပ် နောက်ကျမှာစိုးပြီးပျာပျာသလဲ Dryer ယူကာ ကားဂိတ်ကို အပြေးအလွှား ထွက်လာခဲ့တယ်။

“ဟယ်... ဆိုင်လည်း မဖွင့်သေးဘူး”

အဆောင်ပေါ် ပြန်သွားထားရင်လည်း နောက်ကျနေဦးမယ်။ ဆိုင်ရှေ့က ချိတ်လေးမှာ ချိတ်ထားခဲ့လိုက်ပြီး ဆိုင်းဘုတ်မှ ဖုန်းနံပါတ် ယူနေတုန်း –

"ဆူးလေ ဆူးလေ "ဟာ.. ကားကလည်း လာပြီ၊ လိုက်မယ် လိုက်မယ်၊ နေဦး နေဦး..."

ကားပေါ်အပြေးတက်ကာ ကားပေါ်ရောက်မှပဲ"

"ဟလို...ဟလို... အစ်ကို ဒီနေ့ ဆိုင်ဖွင့်မှာလား "ဟုတ်ကဲ့၊ ခဏနေ လာမှာပါ"

"အလုပ်နောက်ကျနေလို့ Dryerကို ဆိုင်အဝမှာပဲ ချိတ်ထား ခဲ့လိုက်တယ်၊ ကြည့်ထားပေးနော်၊ အပြန်ကျ ဝင်ယူမယ် အစ်ကို"

ဩော်.. ဟုတ်ကဲ့""အဲ့ဆို ... ဒါပဲနော်" "ဟုတ်"

သူ့အသံမှာ ယောကျ်ားတစ်ယောက်ရဲ့ အသံအရည်အသွေး ရှိတယ်၊ ရှင်းလင်းပြတ်သားတယ်၊ ပြီးတော့ နားထောင်လို့လည်းကောင်းတယ်။

အလုပ်က အပြန် -

"အစ်ကို၊ မနက်က Dryer လေး တွေ့လား" "အင်း"

ဘယ်လောက်ကျလဲဟင်"" "ကြည့်တောင် မကြည့်ရသေးဘူး" "ဟယ်...ဘယ်လောက် ကြာမှာလဲ ဟင်"

"ခဏပါပဲ၊ ထိုင်လေ"

ထိုင်ခုံလေး ဆွဲယူပေးတယ်။"ဘယ်လို ဖြစ်သွားတာလဲ"

"မသိဘူးလေ" ""ဟမ်"

ဩော်.. မေ တကယ်မသိတာ၊ သုံးနေရင်း ရပ်သွားတာနေမှာ

"အင်း... အင်း ..ဟုတ်ပြီ ခဏ ကွမ်းတမြုံ့မြုံ့နဲ့ပြောနေတဲ့ပုံက ချစ်စရာသိပ်ကောင်းလွန်း တယ်။ ဖိနပ်ဒေါက်က နာတာနဲ့ ကြိုးဖြေပြီး ချွတ်ထားလိုက်မိတယ်။ သူ Dryer ကို ဖြုတ်ပြီး စမ်းနေတဲ့ အချိန် ကျွန်မ သူ့ကို ငေးကြည့်မိသွားခဲ့တယ်။

သူ့မှာ မျက်ဝန်းညိုတွေ ရှိတယ်၊ ပါးသိုင်းမွေး ၊ မုတ်ဆိတ်မွေး တွေလည်း အများကြီးပဲ၊ နှုတ်ခမ်းတွေဟာ ကွမ်းစားထားတော့ ရဲပြီး စိုနေတယ်။ စွပ်ကျယ်အဖြူလေး ဝတ်ထားတာမို့ သူ့ရဲ့ရင်ဘတ်က နက်မှောင်လှတဲ့ အမွေးအရှည်ကြီးတွေတောင် အထင်းသား တွေ့နေရ သေးတယ်။

"ရပြီ ညီမ"

"ဟင်" "ရပြီလို့ ""ဩော် ဟုတ်""စမ်းပေးလိုက်မယ်နော်"

ပြောပြောဆိုဆို Dryer ကို မီး ပလတ်ပေါက်ထိုးကာ သူ့ရဲ့ ဆံပင်တိုများကို စမ်းပြနေတယ် ငေးကြည့် နေမိတာ ဘယ်မျှလောက် ကြာသွားသလဲမသိ။

"ညီမ……ညီမ" "ရှင့် "ရပြီနော်"

"ဩော် ဟုတ် ဟုတ်၊ ဟိုဟာ ဘယ်လောက်ကျလဲဟင်" "ရတယ်၊ မပေးနဲ့တော့" "ရတယ်လို့"

"ဟာ…မဟုတ်တာ"

"ဩော် အင်း အင်း … အဲ့ဆိုလည်း ပြီးရော၊ ကျေးဇူးနော်" ဆိုပြီး Dryerကို သူ့လက်ထဲက ယူကာ လှည့်ထွက်လာခဲ့တယ်။

ဆိုင်ရှေ့ရောက်မှ ခြေထောက်မှာ ဖိနပ်မပါမှန်း သတိထားမိပြီး"ဟီး…ဖိနပ်"

လက်ညှိုးထိုးပြလိုက်တော့ ပြုံးပြုံးကြီးကြည့်နေပုံက အလွန်ပဲ နှစ်လိုဖွယ်ရာ ကောင်းလှပြန်တယ်။ အကြည့်ချင်းဆုံလိုက်ချိန်မှာ ရင်ထဲက အသံတစ်ခု ကြားလိုက်ရတယ်။ အင်း…ဟုတ်တယ်၊ အဲဒီအကြည့်၊ အဲဒီအပြုံးကြောင့် ကျွန်မ ရင်ခုန်တတ်ခဲ့တယ်။

"သွားလိုက်ဦးမယ်နော်""

သူ ခေါင်းသာညိတ်ပြပြီး ကျွန်မ ရှက်သွားမှာစိုးလို့ထင်တယ်။ ဘာမှ ဆက်မပြောဘဲ ပြင်စရာရှိတာ ဆက်ပြင်နေတယ်၊ ဖိနပ်ကိုကောက်ယူပြီး စီးတောင် မစီးတော့ပဲ ချာခနဲ လှည့်ထွက်လာခဲ့လိုက်တယ်။ သူ ကျွန်မကို ကြည့်နေမှာလား၊ ရယ်နေမှာလား၊ လမ်းရဲ့အပူ၊ ညနေ နေအကျရဲ့အပူ၊ လူတွေရဲ့အကြည့်၊ ကျွန်မ ဘာမှ မခံစားမိတော့။

"မေရေငယ်ရောက်ပြီ"

အေး - ရေချိုးလိုက်ဦး၊ မေ ထမင်းခူးထားနှင့်လိုက်မယ်"" "ဟင့်အင်း မေပဲ စားလိုက်တော့၊ ငယ် အပြင်မှာ စားလာတယ်၊ သူ ဒီနေ့ လာကြိုတယ်လေ၊ ဒါနဲ့ပဲ တူတူစားလိုက်တာ ဖုန်းဆက်မလို့ပဲ"

ငယ်က ကောင်လေး ရှိတယ်။ သူ့ကောင်လေးနဲ့ တွေ့တဲ့ရက် တွေဆို ကျွန်မနဲ့ အတူ ထမင်းစားလေ့ မရှိဘူး။ အဲအခါကျရင် ကျွန်မ စိတ်မကောင်း ဖြစ်မိတယ်။

"စိတ်မကောင်းမဖြစ်ပါနဲ့ မေရယ်၊ လာပါ ငယ် စားနိုင် သလောက် ထပ်စားလိုက်မယ်နော်"

ထမင်းစားနေရင်း–

"ဒီည လပြည့်ဆိုတော့ ဝရန်တာ ထွက်ထိုင်ကြမလား" "အိပ်ရေးပျက်ရ ပျက်ဟာ""

"လုပ်ပါ၊ ဝရန်တာက တစ်ယောက်ထဲဆိုတော့လည်း မထွက် ချင်ဘူးဟ"

"အေးပါ၊ ပြီးရောလေ၊ ခဏပဲနော် ညဥ့်နက်ရင် အေးမှာ" ""အင်းပါ"

ညကိုးနာရီလောက်မို့လို့လား မသိဘူး၊ ဝရန်တာမှာ ငယ်နဲ့ ကျွန်မပဲ ရှိတော့တယ်၊ ငယ် ပိုပိုဝလာတယ်ထင်တယ်။ သူ့ဗိုက်ခေါက် ကလေးက အင်္ကျီနဲ့ဘောင်းဘီကြားက အတင်းထိုးထွက်နေတော့တာပဲ။ ညကိုးနာရီကျော်ဆိုတော့ ပတ်ဝန်းကျင်မှာ အနည်းငယ် တိတ်ဆိတ်လျက်။လေနုအေးအေးတွေဟာ ကျွန်မခန္ဓာကိုယ်ထဲသို့ တိုးဝင်အေးစက်နေတယ်။ စကားတွေပြောနေကြရင်း အမှတ်မထင် လှမ်းတွေ့လိုက်ရတာတစ်ခုကြောင့် –

"ငယ့်"

"ဟမ်"

"ဟိုမှာ ကြည့်ကြည့်လို့ မီးက ပိတ်လိုက်ဖွင့်လိုက်နဲ့နော်" "ဪ အဲဒါ လျှပ်စစ်ဆိုင်လေ၊ မီးပြင်နေလို့ ဖြစ်မှာပါ" ""သရဲခြောက်နေတာလားလို့"

"ဟယ် ...ပေါက်ပေါက်ရှာရှာ"

ကျွန်မက အလွန်သရဲကြောက်တတ်တယ်။ ငယ်က သရဲ ခြောက်ရင်တောင် ခြောက်လို့ ခြောက်မှန်း မသိတဲ့သူ။

"ကြောက်မနေပါနဲ့ မေရာ၊ ဟိုမှာ လူနှစ်ယောက်တောင် ရှိနေတဲ့ဟာကို""ဟမ်"

ကျွန်မ ပိုလို့တောင်ပင် မျက်လုံးအပြူးသား ဖြစ်သွားမိတယ်။ အဲဆိုင်က ကျွန်မ မြင်တွေ့နေကျ လူတစ်ယောက်သာရှိတာ၊ အခု လူနှစ်ယောက်တဲ့။

"ဟဲ့.. မေ အဲ့ဆိုင်မှာ လူတစ်ယောက်ပဲ တွေ့ဖူးပါတယ် ငယ် ရယ်"

"အယ်... မျက်စိတွေလည်း မကောင်းတော့ဘူးလား မသိ၊ ဟားဟား... အစ်မကြီးရယ်၊ အစ်ကိုကြီးရယ်လေ၊ နှစ်ယောက်တဲ့ နှစ်ယောက်"

ပြင်းခုံနေစဉ်မှာပဲ ဆိုင်ဟာ မီးပိတ်သွားပြီး ကျွန်မတို့ရှိတဲ့ဘက်ကို စက်ဘီးကလေး ရွှေ့လျားလာခဲ့တယ်။ အမျိုးသမီးက အမျိုးသားရဲ့ ခါးကို ဖက်လျက်။

"တွေ့လား၊ အဲ့မှာ တွေ့ပြီလား ဟင်၊ ဟားဟား တကယ်ပါပဲ မေရယ်။

ငယ်ကတော့ ရယ်မောနေခဲ့ပြီး ကျွန်မကတော့ တိတ်ဆိတ် သွားခဲ့တယ်။ တဖြည်းဖြည်း ဝေးကွာသွားတဲ့ စက်ဘီးလေးကို ငေးရင်း နဲ့ပေါ့ ။

" "မောနင်း မေ"အင်း"

အိပ်ချင်မူးတူးနဲ့ ဖြေလိုက်မိတယ်။

"ခုတစ်လော လိုင်းကားပေါ်တွေမှာ အလုအယက်တွေများနေ တယ်နော် မေ၊ ဂရုစိုက်၊ တစ်ခုခုဆို ကားပေါ်က တန်းဆင်း သိလား" "အင်းပါ၊ ငယ်ရော ဂရုစိုက်၊ မေက ဒီနေ့ မသွားဘူး။ "ဟယ်... ဟုတ်လား"

ကိုယ်လက်တွေ မသယ်ချင်လို့လေ"

နဖူးကို လာစမ်းပြီး"ဆေးကြိုသောက်ထားဦး၊ ညနေမှ မသက်သာရင် ဆေးခန်းသွားကြမယ်။ အပြန် ဘာဝယ်ခဲ့ရမလဲ ဘာစားချင်လဲ"

"ဟင့်အင်း ရတယ်၊ ငယ် ဆေးသောက်ပြီး အိပ်လိုက်မယ်၊ သက်သာသွားမှာပါ"

"အင်းပါ၊ တာ့တာ့ ...အဲ့ဆိုလည်း သွားတော့မယ်နော်" "ဟုတ် ဂရုစိုက်နော် ငယ်၊ ကားပေါ်မှာ" "အင်းပါ မေ

မနက်စာထစားပြီး ဝရန်တာမှာ လမ်းခဏလျှောက်တုန်း အစ်ကို့ ဆိုင်ဘက်ကို ကြည့်မိလိုက်တော့ ဆိုင်က မဖွင့်သေး။ ကြမ်းပြင်ဟာ နေပူနေတယ်၊ ဒါပေမဲ့ ခြေထောက်တွေက မရွေ့။ အစ်ကို့အလာကို စောင့်ချင်ပုံရတယ်။ ခဏအကြာ ကားလမ်းတစ်ဖက်မှာ အစ်ကို စက်ဘီးနင်းလာတာကို တွေ့လိုက်ရတယ်။ ကျွန်မ သူ့ကို ကြည့်နေသလို သူ လည်းကျွန်မကို ကြည့်နေမှာပါပဲ။ အစ်ကိုစက်ဘီးနောက်မှာ ကုန်တင် ကားကြီး။ တစ်ခဏလေးအတွင်း စက်ဘီးဟာ ချိုင့်ခွက်ထဲကို တစ်ချက် ချော်သွားတော့ ကျွန်မရင်ထဲ ထိတ်ခနဲ လန့်သွားမိတယ်။ အစ်ကိုက စက်ဘီးကို ဘေးချ ရပ်လိုက်ပြီး ကျွန်မကို လှမ်းပြုံးပြသေးတာ။ အဆောင်ရှေ့က ကွမ်းယာဆိုင်ထိ စက်ဘီးတွန်းလာပြီး ကွမ်းဝယ်ကာ စက်ဘီးကလေး ပြန်နင်းသွားတယ်။

သူ့ ပြုံးပြလိုက်တဲ့အချိန် ကျွန်မရင်ထဲက ကပ်ငြိနေတဲ့ လိပ်ပြာ

ပေါင်းများစွာဟာ တစ်ဖန်ပြန်လှုပ်ရှား ပျံ့ဝဲကုန်ကြတယ်။ အကြောင်းမရှိ အကြောင်းရှာ ဝရန်တာမှာ ကျွန်မ အလုပ်ရှုပ်နေပြီး ဆေးသောက်ဖို့လည်း မေ့နေခဲ့တယ်။ ကျွန်မလိုပဲ သူလည်း ဆိုင်ရှေ့ထွက်ပြီး ဟိုဟာရှာ ဒီဟာ ရှာနဲ့ပါပ

"ဩော်...Dryer ဟုတ်ပြီ" နံရံနဲ့ တစ်ချက် ထုလိုက်တယ်။ ပြန်ဖွင့်ကြည့်လိုက်တော့ စက်က လည်နေသေး။ နောက်ထပ်လေးငါးချက်လောက်ဆင့်ကာ ခါပြီး ထပ်ထုပစ်လိုက်တော့ အထဲက တစ်ခုခု ပြုတ်သွားတာ ထင်ပါရဲ့။ တဂျက်ဂျက်မြည်နေတယ် ကျွန်မ အပြေးဆင်းသွားပြီး"အစ်ကို၊ ပျက်သွားလို့"ဆိုပြီး Dryer လေး ထောင်ပြလိုက်တော့ သူ ပြုံးသွားတယ်။

"စောင့်ယူသွားမှာလား""ဟုတ် အစ်ကို"

"တမင်ဖျက်လာတာတော့ မဟုတ်ပါဘူးနော်"

"အယ်...ဖျက်စရာလား အစ်ကိုကလည်း လွယ်တယ်များ ထင်နေလား"

"ခက်တယ်ပေါ့"

"အင်း...ဟာ...မဟုတ်ပါဘူးဆို"

"ဟားဟား"

သူ အသံထွက် ရယ်မောသွားတယ်ပြီးတော့ ကျွန်မက"

""ဘယ်လောက်ကျလဲ

""ဟင့်အင်း မပေးနဲ့ ရတယ်" ""ကျေးဇူးပါ အစ်ကို"

ပြန်ပြေးထွက်လာခဲ့တယ်။

နောက်ကို တစ်ချက်မှ လှည့်မကြည့်၊ အဆောင်ဝရောက်မှ "မေ ဘာသွားဝယ်တာလဲ"

"အ... Dryer သွားပြင်တာ၊ မေ သုံးနေရင်းနဲ့ ထပ်ပြီး ရပ်သွားလို့"

"ဩော်...အင်းပါ လာ မေကြိုက်တဲ့ ဒံပေါက်ပါတယ်"" ချစ်ပြီ မွ"

ညတိုင်းလိုလို ကျွန်မနဲ့ငယ်ဟာ ဝရန်တာမှာ ထွက်စကားပြော ဖြစ်ကြတယ်၊ ငယ် မထိုင်ရင်လည်း ကျွန်မတစ်ယောက်ထဲပဲ သွားထိုင် နေခဲ့တယ်။ ကျွန်မတို့နှစ်ယောက်ရှေ့က ဖြတ်သွားတဲ့ စက်ဘီးလေး ဟာလည်း တစ်ခါတလေ

တစ်ယောက်ထဲ၊ တစ်ခါတလေ နှစ်ယောက်။

အမျိုးသမီးက အမျိုးသားရဲ့ ခါးကို တင်းကျပ်ကျပ် ဖက်ထားပြီး စက်ဘီးပေါ်မှာ ပါသွားတဲ့နေ့တွေဆို ကျွန်မရင်ထဲမှာ ဆူးတွေစိုက်နေ တဲ့အလား နာကျင်ခဲ့ရပြန်တယ်၊ ပျံ့သန်းနေတဲ့ လိပ်ပြာငယ်တွေလည်း ဆူးတွေ ထိကုန်ကြရတယ်။ စာရေးမယ်ဆိုပြီး အလုပ်လည်း မသွားပဲ အခန်းထဲပဲ အောင်းနေမိခဲ့တယ်။ ငယ်ကတော့ ကျွန်မအတွက် မနက်စာလုပ်ပေးပြီး အလုပ်သွားရှာပြီ။ မနက်စာစားပြီး ဝရန်တာကို ထွက်ကာ လမ်းလျှောက်နေမိတယ်။ အစ်ကို့ဆိုင်ကို ကြည့်လိုက်တော့ အချိန်က ၁၂ နာရီကျော်နေပြီ၊ ဆိုင်က မဖွင့်သေး။

“ဟလို ဟလို အစ်ကို၊ ပစ္စည်းဝယ်ချင်လို့လေ ဆိုင်မဖွင့် သေးတာလား ဟင်”

“ဟုတ်၊ ခဏနေမှ ထွက်လာမှာ၊ ဘာဝယ်မလို့လဲ၊ အရေးကြီးလား

“အရေးမကြီးပါဘူး၊ ရတယ် အစ်ကို၊ မီးပလတ်ခေါင်းလေး ဝယ်ချင်လို့”

“ခဏနေမှ လာခဲ့နော်” “ဟုတ်” “အင်း...အင်း"

“ဒါပဲနော် အစ်ကို” “ဟုတ်”

သိပ်မကြာ၊ အစ်ကို ဆိုင်လာဖွင့်တယ်၊ နောက်ကလိုက်သွားပြီး“မီးပလတ်ခေါင်းတစ်ခု”

“ဩော် ခုနက ဖုန်းဆက်တာ မင်းလား”“ဟုတ်”

“ခဏနော် ဆိုင်ဖွင့်ဦးမယ်”

“ဟုတ်”

Dryer ရော ပျက်သေးလား”

ပြုံးရယ်ကာ သူမေးတယ်။

“ဟင့်အင်း မပျက်တော့ဘူး အစ်ကို”

ဒီလိုနဲ့ ကျွန်မဟာ အကြောင်းမရှိအကြောင်းရှာ ဈေးသွားဝယ်ပြီး မီးပလတ်ခေါင်းများလည်း ကျွန်မဆီမှာ ပုံအောလို့ပါပဲ။ ဝယ်စရာမရှိရင် လည်း ဝရန်တာမှာ သူ့ကို ထွက်ငေးမောနေမိတယ်။ သူ့ ဖုန်းနံပါတ် လေးကိုလည်း အမည်မသိပေမယ့် ကွန်တက်ထဲ မီးသီးပုံလေးတွေနဲ့ မှတ်ထားလိုက်တယ်။

အပိုင်း (၂)

အချစ်ဟာ ဤမျှလောက် နာကျင်ရ၏

ကျွန်မ အဲ့နေ့က အစ်ကို့ဆိုင်မှာ မရှိမယ့် ပစ္စည်းတစ်ခုကိုမေးလိုက်ပြီး–

"အစ်ကို viber သုံးလား""အင်း"

"မေ ပုံပို့ပေးလိုက်မယ်၊ အဲဒါလေး လိုချင်လို့ မှာပေးပါလား ရတယ် မဟုတ်လားဟင် အရေးကြီးနေလို့လေ" "အင်း . . .ပို့လိုက်လေ"" ။

သူ့စကားက လိုရင်းတိုရှင်း ပြတ်သားလှတယ်

"Hi"

"အစ်ကို...မေဝါ၊ ပစ္စည်းမှာထားတာလေ၊ ဒါလေး အစ်ကို၊ ဈေးတွေရော၊ ဆိုဒ်တွေရော သိချင်လို့"

မီးဝိုင်းပုံစံလေး ပို့ပေးထားလိုက်တယ်။

အစ်ကိုက viber သိပ်မသုံးဖြစ်ဘူးထင်တယ်။ ကျွန်မစာပို့ပြီး နှစ်ရက်လောက်ကြာမှ ပြန်စာ လာတယ်။

"အင်း၊ လျှာပေးမယ် လျှာမရရင် သွားပေးမယ်" "အကောင်းပြောနေတာ အစ်ကို စမနေနဲ့ "ကိုယ်လည်း အကောင်းပြောနေတာပါ" "ကျေးဇူးပါ ရှာပေးမယ်ဆိုရင်လဲ"

ကျွန်မအလုပ်သွားချိန်တိုင်း အစ်ကို့ကိုပုံမှန်တွေ့ရတယ်။ အလုပ် ပြန်ချိန်တွေမှာလည်း အစ်ကို့ဆိုင်ရှေ့ကပဲ ဖြတ်လျှောက်ခဲ့မိတယ်။

တစ်ခါတလေ အမျိုးသမီးတစ်ဦးကိုပါ အစ်ကိုနဲ့ယှဉ်တွဲတွေ့ရတယ်။ ထမင်းအတူစားနေပြီး ရယ်ရယ်မောမော စကားပြောနေကြတယ်။ အဲဒီအခိုက်အတန့်တွေဟာ အသက်ပါ ပျောက်သွားနိုင်ပါတယ်။ အဲဒီ အမျိုးသမီးဟာ ဘယ်သူလဲ ရေရေရာရာလည်းမသိ။ အစ်ကိုနဲ့ ဘာတော်သလဲ သေသေချာချာလည်း မသိ။ ဘာကြောင့်မို့ အတူရှိနေရတာလဲ တစ်စွန်းတစ်စမှ တိတိကျကျ သိချင်လာမိတယ်။

အဲဒီနေ့ညက ဝရန်တာမှာ အတူထိုင်နေရင်း ငယ့်ကို"ငယ်၊ မေလေ လူတစ်ယောက်ကို ချစ်မိနေပြီထင်တယ်"

"ဟယ် ဘယ်သူလဲဟမ်"

"မေ ပြောရင် ငယ် စိတ်ဆိုးမှာလား"

"ဘာလို့လဲ၊ ဘယ်သူမို့လို့လဲ ဟင်"

"မေ အခုနောက်ပိုင်း ဝရန်တာကို ထွက်ထွက်ထိုင်ချင်နေတာ ဘာလို့လဲ သိလား"

"ဟင့်အင်း၊ သတိတော့ ထားမိပါတယ်၊ ဒါပေမဲ့ လေညင်းခံချင် လို့ပဲလို့ ထင်တာ"

အဲဒီအချိန်မှာ စက်ဘီးကလေးဟာ ကျွန်မတို့ရှိရာဘက်ကို တဖြည်းဖြည်း ရွေ့လာနေခဲ့တယ်။

"သူပေါ့ ငယ်၊ မေ သူ့ကို ချစ်မိနေပြီထင်တယ်"

"ဟား ဟား မေရယ်၊ ငါ့ကို လာနောက်မနေပါနဲ့၊ ရုပ်တည်ကြီးနဲ့ တော်စမ်းပါဟာ"

"မဟုတ်ဘူး ငယ်၊ မေ တကယ်ပြောနေတာ၊ မေ သူ့ဖုန်းနံပါတ် ကို သိတယ်၊ viber မှာလဲ စကားပြောဖူးတယ်၊ အကြောင်းမရှိပဲလည်း သူ့ဆိုင်ကို ဈေးသွားသွားဝယ်မိနေတာ၊ ငယ်ရဲ့ မီးပလတ်ခေါင်း တွေလေ""

"မယုံဘူး၊ မနောက်စမ်းနဲ့ မေရယ်"အခန်းထဲပြေးဝင်ပြီး မီးပလတ်ခေါင်းတွေနဲ့ ခေါင်းအုံးအောက်ကစာအုပ်လေးယူကာ–

"ဒီမှာကြည့် ငယ်၊ မေ မညာဘူး" စာအုပ်လေးယူကာ ငယ် အစပိုင်းလေး ဖတ်လိုက်ပြီး"မလုပ်ပါနဲ့၊ သူ့မှာ မိန်းမရှိတယ်ထင်တယ်၊ မေ နာကျင်ရ လိမ့်မယ်၊ သူ လူလွတ်ဆိုရင်တော့ တော်သေးတယ်၊ အခုက ဘာမှန်း မသိဘူး ပြီးတော့ သူက မေကြိုက်တဲ့ ပုံစံ မဟုတ်ဘူးလေ၊ ဒီလောက် တာတေလန်နေတဲ့ဟာကို"

"အချစ်က ပိုင်းခြား ကန့်သတ်ထားလို့မှ မရတာငယ်၊ သူ့မှာ အမျိုးသမီးရှိနေမယ်ဆိုရင်တောင် ဒီအချစ်ကို မေ တမင်လုပ်ယူခဲ့တာ မဟုတ်ဘူးလေ၊ နှလုံးသားရဲ့ စေရာအတိုင်းပဲ ချစ်ခဲ့တာ ချစ်မိသွားခဲ့ တာ

"ပြဿနာတွေဖြစ်လာရင် မေ အရှက်ရဒုက္ခရောက်လိမ့်မယ်၊ သတ္တိတွေ မရှိစမ်းပါနဲ့၊ ရှေ့ဆက်မတိုးနဲ့ဦး၊ အရင်ဆုံး သေချာအောင် လေ့လာကြမယ်လေနော်"

"ကြောက်နေလည်း ရှေ့ဆက်တိုးမိတာ၊ ရုန်းလေ နှစ်လေ ဆိုတာတွေက အချစ်ရဲ့ သဘောတရားတွေပဲလေ"

အက်ကွဲလာတဲ့ နှလုံးသားနဲ့အတူ မျက်ရည်ကျရင်း အသံတွေဟာ တိမ်ဝင်သွားခဲ့တယ် နှစ်ယောက်လုံး တိတ်ဆိတ်လျက်။ "မငိုပါနဲ့ မေရယ်"

ကျွန်မ နိုးတော့ အိပ်ရာထဲ ကျွန်မအိပ်နေတာကို ငယ် ထိုင် ကြည့်နေပုံရတယ်။

“ဟင်.. ငယ် အလုပ်မသွားဘူးလား” “ဟင့်အင်း၊ စိတ်မပါလို့ မေ၊ ငယ်စဉ်းစားနေတာ”

“အင်း”

“အဆောင်ပြောင်းမလားလို့”

ကျွန်မ ထထိုင်လိုက်ပြီး“ဘာလို့လဲ ငယ်”

“ညက ငယ် အိပ်မပျော်ဘူး၊ စာအုပ်ကို ဆက်ဖတ်လိုက်တယ်၊ တကယ်ပါ မေ့ကို မနာကျင်စေချင်ဘူး၊ မျက်ရည်မကျစေချင်ဘူး၊ မေ့လို မိန်းကလေးက ကြိုက်တဲ့ကောင်ကို ရွေးယူလို့ ရပါတယ်။ ပြီးတော့ သူက မေကြိုက်တဲ့ပုံစံလည်း မဟုတ်ပဲနဲ့” “ဟုတ်ပါတယ်၊

ဒါပေမဲ့ မေ့စိတ်မှာ သူ့ကိုမှသတိတရရှိနေတာ၊ သူ့ကိုမှ စွဲလမ်းနေတာ ငယ်ရဲ့”

“အဲ့ကြောင့်ပြောတာ အဆောင်ပြောင်းမယ်လို့၊ မြင်နေရရင် ပိုစွဲလမ်းသွားလိမ့်မယ်၊ ဘာမှမစခင် ဘာမှ မဖြစ်ခင်တောင် မေ ဒီလောက်နာနာကျင်ကျင်ဖြစ်နေရတာ၊ မျက်ရည်ကျရတာ၊ တကယ် ငယ်တို့ထင်သလိုသာ အမျိုးသမီးရှိတယ်ဆို…သွားပြီ””

“မေ သူ့ကို ချစ်နေပြီ၊ ပြီးတော့ ငယ် ပြောဖူးတယ်လေ၊ အချစ်ဟာ ပျော်ရွှင်မှု၊ နာကျင်မှု၊ ဝေးကွာမှုတွေနဲ့ ဒွန်တွဲနေတာဆို” “မဟုတ်ဘူး မေ

“တော်ပါတော့ ငယ်ရယ်၊ ဒီနေ့ အပြင်သွားရအောင်လေနော် ငယ်”

“သွားချင်လို့လား” “စိတ်ပြေလက်ပျောက်ပါ၊ မငိုပါနဲ့တော့ ငယ်ရယ် . .' မျက်ရည်များသုတ်ကာ ချက်ချင်းစကားကို ဖြတ်ပြောပြန်တယ်။

“မေ့ကို လိုက်နေတဲ့ လူတွေ ရှိတယ်လေ၊ အဆင်ပြေမယ့် တစ်ယောက်ယောက်ကို တွဲကြည့်ပါလား၊ အပျင်းပြေ လက်ခံစကားပြောကြည့်ပါလား” ဟင့်အင်း

“ကိုယ်စိတ်ပျော်ဖို့ တစ်ခုထဲနဲ့ သူများကို မကစားချင် ပါဘူး၊ ငယ်ရယ်”“မဟုတ်ဘူးလေ မေရဲ့ ငယ်ပြောတာက

“တော်ပါတော့ ငယ်၊ မေ့ကိုအဲ့လိုတွေ အတင်းအကျပ်

ပြောနေတာမေတကယ် မကြိုက်တော့ဘူး”

မေ့ ငယ့်ကို အဲ့လို“တစ်ခါမှ မပြောဖူးဘူးနော်” “မဟုတ်ပါဘူး ငယ်ရယ်” “အဲ့ဒါ

ဟိုကောင်ကြောင့်၊ ဒင်းမွှေလို့"

"ငယ် အဲ့လိုတွေ မပြောပါနဲ့ကွာ၊ ပြောချင်ရင် မေ့ကိုပြောပါ၊ သူက အေးဆေးပဲ ကိုယ်ကပဲ၊ ကိုယ့်နှလုံးသားကပဲ ဖြစ်နေတာငယ်ရဲ့" နှစ်ယောက်လုံး ခုတင်ပေါ် ကျောခိုင်းကာ ငိုမိကြပြန်တယ်။

အဲဒီနောက် ငယ်က အစ်ကို့ဆိုင်ရှေ့ကတောင် ဖြတ်မသွား တော့ဘူး။ ကျွန်မ မေ့ဖျောက်ဖို့ရာ သူ့ရဲ့ အသိပေါင်းများစွာနဲ့ မိတ်ဆက် ပေးတယ်၊ ကျွန်မကတော့ အစ်ကို့ကိုပဲ သတိရနေခဲ့တယ်။ တစ်စတစ်စ အစ်ကိုနဲ့ ကျွန်မဟာ စကားတွေ ပြောဖြစ်ခဲ့ကြတယ်။ တစ်ခါတလေ ဖုန်းခေါ်တယ်။ တစ်နေ့ တစ်ခါမက နှစ်ခါမက ပြောနေရင်း ဝယ်သူ လာလို့ ချလိုက်ရ၊ ပြန်ခေါ်ရနဲ့ပါပဲ။ ဘာမှ ထွေထွေထူးထူး တစ်ယောက် ကိုတစ်ယောက် မပြောကြပေမယ့် သူဖုန်းဆက်တယ်၊ ကိုင်တယ်၊ တစ်ခါတလေ ကျွန်မဆက်တယ်၊ တစ်ယောက်အကြောင်း တစ်ယောက် ပြောတယ် ဒီလောက်ပါပဲ။

အဲဒီညက အစ်ကို့ဆီက ဖုန်းဝင်လာတယ်။ ငယ်သိမှာစိုးလို့ ဝရန်တာမှာ ဖုန်းထွက်ပြောတယ်၊ ဒါပေမဲ့ ငယ်ကြည့်နေပုံက အစ်ကိုဆိုတာ သိနှင့်နေပုံရတယ်။ အဲဒီညမှာ တိတိကျကျ အစ်ကို့နှုတ်က ထွက်လာတဲ့ စကားက–

.. "ကိုယ့်အသက်ဘယ်လောက်ရှိပြီထင်လဲ" "အင်း . . နှစ်ဆယ့်ရှစ်၊ နှစ်ဆယ့်ကိုး၊ ဟီး . . . ဟုတ်လား"" "သုံးဆယ်လေးနှစ်ကျော် သုံးဆယ်ငါးနှစ်ထဲဝင်နေပြီကွ၊ ပြီးတော့ မင်းသိချင်လည်း သိလိမ့်မယ်၊ မသိရသေးရင်လည်း အခုပြောပြမယ်၊ ကိုယ့်မှာ အမျိုးသမီးရှိတယ်၊ အိမ်ထောင်သက်တမ်းက ဆယ်နှစ်ကျော်ပြီလေ။"

နားထဲ ခါးလှတယ်။ ခေါင်းတွေထူပူသွားပြီး အစ်ကို ဘာဆက်ပြောနေသလဲ ကျွန်မ မကြားရတော့။ ရင်ထဲ မီးများထလောင် တော့မယ့်အလား၊ ငါမှားပြီ ငါမှားပြီဆိုတဲ့ ဦးနှောက်က သတိပေးသံ၊ ရင်ဘတ်ထဲက ဆူညံသံများ ရောထွေးနေခဲ့တယ်။ ညရဲ့ တိတ်ဆိတ် အေးစက်မှုတွေတောင် ကျွန်မ ရင်ထဲက အပူဒဏ် ဆူညံသံတွေကို လွှမ်းမိုးမသွားနိုင်ခဲ့။

နှုတ်ခမ်းကို လက်နဲ့ပိတ်ကာ မျက်ရည်များကျရင်း အမှောင် ထဲ ရှိုက်သံယှဲ့ယှဲ့သာ ထွက်ပေါ်နေခဲ့တယ်။ တစ်ညလုံး ဝရန်တာမှာ ထိုင်နေခဲ့ပြီး မနက်လေးနာရီမှာ ငယ့်အတွက် ထမင်းထုပ် ထလုပ် ပေးနေချိန် –

"ဟင် ... အစောကြီးနိုးနေတာလား မေ" "အင်း"

"ဟုတ်လို့လား မေရယ်၊ ညထဲက မအိပ်တာလား ဟင်၊ မျက်ကွင်းတွေလည်း

ညှိုလို့”

“မဟုတ်ပါဘူး၊ အိပ်ပါတယ်၊ စိတ်ကူးပေါက်တာနဲ့ ငယ့် အတွက် ထမင်းထုပ် ထလုပ်ပေးနေတာ”

“အင်းပါ၊ ကျေးဇူးနော် မေ၊ ငယ် ရေချိုးဦးမယ်”

ခဏနေတော့ ဝရန်တာက စောင်ကို ယူလာပြီး– “ပြောတော့အိပ်တယ်ဆို””

“အဲ့မှာ အိပ်လိုက်တာ”

မေ

“ခြော်…ဟုတ်တယ်ဆို စောင်ယူပြီး အဲ့မှာပဲ အိပ်လိုက်တာ

“သရဲကြောက်တတ်တဲ့သူက အဲ့မှာအိပ်တယ်၊ ဘယ်တုန်းကအဲ့လို အိပ်ဖူးလို့လဲ၊ မညာပါနဲ့ မေရယ်”

“မေ အိပ်မရလို့ပါ””

“မေကလည်းကွာ”

“ထားပါ ငယ်ရာ၊ လာ မနက်စာစားတော့”

အလုပ်သွားတဲ့ထိ ငယ် မျက်နှာမကောင်း နှုတ်လည်း ဆက် မသွားဘူး။ ကိုးနာရီလောက်ကျ ကျွန်မ အလုပ်သွားဖို့ ပြင်ဆင်ပြီး အိမ်က အထွက် သတိကပ်ခဲ့တယ်။ အစ်ကိုက အမျိုးသမီးရှိတယ်၊ အမျိုးသမီးရှိတယ် ဆိုပြီးတော့ပေါ့။ ကားဂိတ်မှာ ကားစောင့်ရင်း တစ်ချက် တစ်ချက် အစ်ကို့ကို ခိုးကြည့်နေမိပြန်တယ်။ အစ်ကိုလည်း ကျွန်မကို ကြည့်နေတာမို့ အကြည့်ချင်းဆုံသွားချိန်မှာ သောက်နေတဲ့ ပဲနို့ဘူးကို သောက်ဦးမလားဆိုတဲ့ ပုံစံနဲ့မြှောက်ပြတော့ ကျွန်မက ခေါင်းယမ်းပြလိုက်တယ်။ နေ့ရော ညပါ ဦးနှောက်နဲ့ နှလုံးသားဟာ အပြိုင် ဆုံးဖြတ်နေရပြီး သတိတရားထားလိုက်၊ ပျက်စီးသွားလိုက်နဲ့ ကျွန်မ ဗျာများနေခဲ့ရတယ်။

“အစ်ကို”

အင်း

“အင်းလို့ မထူးနဲ့၊ ဗျာလို့ထူး၊ အစ်ကို” "ဗျာ…”

“မေတို့ အခုလို ပြောနေဖို့ မသင့်တော်ဘူး ထင်တယ်နော်၊ အစ်ကို့အမျိုးသမီး

မရှိဘူးလား”“မရှိတဲ့အချိန် ဆက်တာပေါ့ကွာ” “အစ်ကို့ဆိုင်ကနေ မေ့ကို မြင်ရလား"

“အင်း မြင်ရတယ်၊ ကိုယ် အမြဲ လှမ်းလှမ်းကြည့်တယ်၊ မင်းလည်း ကိုယ့်ကို ကြည့်မယ်လို့ ကိုယ်ထင်တယ်”

“အင်း .. မညာပါဘူး၊ မေ့အလုပ်က အချိန်ပိုင်း ဆယ်နာရီ ကနေ သုံးနာရီထိပဲလေဆိုတော့ ဝရန်တာမှာ ထိုင်နေရင်း အစ်ကို့ကို မြင်နေရတယ်၊ ဘာရယ် မဟုတ်ဘူး၊ ထိုင်ကို ကြည့်နေဖြစ်တာ”ဆိုပြီး ပွင့်ပွင့်လင်းလင်း ဝန်ခံလိုက်တယ်။ စကားပြောနေကြရင်း အစ်ကိုက–

“လွန်ခဲ့တဲ့ ဆယ်နှစ်တုန်းက မင်း ဘယ်ရောက်နေခဲ့တာလဲ” ဒီစကားဟာ သူ့ရင်ထဲမှာ ရှိတဲ့ အရာရာတိုင်းကို ကျွန်မ စိတ်ထဲကို ရောက်အောင် ပို့ပေးနိုင်ခဲ့တယ်။

“တစ်ခါတလေ မင်းကိုကိုယ် သတိရတယ်၊ ဒါပေမဲ့ မင်းကို နှစ်နာပါစေ၊ ထိခိုက်ပါစေဆိုတဲ့ ရည်ရွယ်ချက် မရှိဘူး၊ ဘာကြောင့် ကြည့်မိနေတာလဲ၊ ဘာကြောင့် သတိရနေတာလဲ ကိုယ် မသိဘူး။”

အစ်ကို့စကားအဆုံးမှာ နှစ်ယောက်လုံး တိတ်ဆိတ်လို့။ အစ်ကိုနဲ့ကျွန်မ ဖုန်းပြောတဲ့အချိန်တွေက ည ဆယ့်နှစ်နာရီ တစ်နာရီ၊ တစ်ခါတလေ နှစ်နာရီထိ။ ကျွန်မက အိပ်ရေးမက်တဲ့သူမို့ ညဘက် အစောကြီး အိပ်တတ်တယ်။ အစ်ကို့ဆီက စာဝင်သံကြားရင်တစ်ရေးနိုးလည်း စိတ်မှာ ရွှင်လန်းနေရော။ ကျွန်မရဲ့ အိပ်ကောင်းတဲ့အချိန်တွေကို အစ်ကိုအသံနဲ့ လဲခဲ့တယ်။

မေ အပြင်မှာ အရမ်း အေးတယ်အထဲဝင်ပြောပါလား”

““ရတယ် ငယ်” ငယ်က စောင်ယူပြီး ကျွန်မခန္ဓာကိုယ်ကို ပတ်ပေးသွားတယ်။ တစ်လောကလုံးကို မေ့ပြီး ရင်ထဲမှာ ကပ်ငြိနေတဲ့ လိပ်ပြာ ပေါင်းများစွာဟာ ပျံဝဲနေတယ်၊ ပေါ့ပါးနေတယ်၊ ပြီးတော့ ပျော်ရွှင် နေတယ်။ အစ်ကို့အသံကို ကြားနေရတာနဲ့တင် ကျွန်မကမ္ဘာဟာ အရာရာ ပြည့်စုံနေခဲ့တယ်။ နှလုံးသားကသာ အနိုင်ရနေခဲ့ပြီး ဒီလိုနဲ့ သုံးရက်၊ လေးရက်၊ ငါးရက်၊ ခြောက်ရက်–

“အစ်ကို့မှာ ပြောစရာရှိလားဟင်"ကျွန်မ အမေးရဲ့အဆုံး–

“အချစ်ဆိုတာ မပြောလည်း သိနိုင်တယ်တဲ့” “ဒါပေမဲ့ ...”

ကျွန်မစကားမဆက်ခင်မှာပဲ အစ်ကိုက–

“ကိုယ် မင်းကို ချစ်တယ်၊ တကယ်အရမ်းချစ်တယ် မေ”

အသံဟာ အစောကထက် ပိုတိုးသွားတယ်။ “ဘာလို့ တိုးတိုးလေးပြောတာလဲ

အစ်ကို”“အဲ့လို တိုးပြီးပြောရင် ရင်ထဲ ပိုရောက်တယ်တဲ့”

တစ်ချက်ပြုံးလိုက်မိတယ် ရင်ထဲလည်း နွေးထွေးသွားတယ်။ “ဒီစကားတွေဟာ ဖြူစင်ပါတယ်လို့ ကိုယ်ပြောမထွက်ပါဘူး၊ ဒါပေမဲ့ မင်းကို မနာကျင်စေချင်ဘူး၊ ဒါကိုတော့ ယုံပါ၊ ပြီးတော့ မင်းချစ်ချစ် မချစ်ချစ် ကိုယ့်နှလုံးသားထဲမှာတော့ မင်းကို သေတဲ့အထိ ချစ်သွားမှာပဲ”

“ဘယ်လိုများ ပြောလိုက်သလဲ အစ်ကိုရယ်၊ ချစ်တာပေါ့ မေ သိပ်ချစ်တာပေါ့"

ဒီအချိန်မှာ အချစ်ကို ချစ်တယ်လို့ ကျွန်မ အရိုးသားဆုံး ဖွင့်ပြောခဲ့တယ်။ ဘာစည်း ဘာဘောင်နဲ့မှ အချစ်ကို မတိုင်းထွာခဲ့ ဘာအမည်မှလည်း မတပ်ခဲ့ဘူး။

“ကိုယ် မင်းအပေါ် မတရားရာကျနေမလား” “ဘာလို့လဲ အစ်ကို”

“ကိုယ် မင်းကို ဒီအတိုင်းလေးပဲ ရှိစေချင်တယ်

ကျွန်မက ပွင့်ပွင့်လင်းလင်းပဲ ပြန်ပြောလိုက်တယ်။

“ကိုယ့်ကို တကယ်လည်း ချစ်တယ်၊ ကိုယ်ကလည်း ပြန် သဘောကျနိုင်တယ်၊ ဘဝကို ဖူဖူလုံလုံထားနိုင်ရင် ယူရမှာပဲ အစ်ကို၊ မဖြစ်နိုင်တဲ့ တစ်စုံတစ်ယောက်ကို ရင်ထဲမှာထားပြီး လွမ်းမယ်၊ ဖြစ်နိုင်တဲ့ တစ်စုံတစ်ယောက်ကို အနားမှာ ထားပြီး ပါရမီဖြည့်မယ်၊ ဘဝတွေဟာ ဒီလိုပဲ ရှင်သန်ကြရတာ မဟုတ်လား အစ်ကိုရဲ့”

“မင်းအဆင်ပြေရင် ကိုယ်ကျေနပ်ပါတယ်၊ ပျော်အောင်နေပါ ကလေးရယ်၊ ကိုယ်ကတော့ မင်းကို အမြဲသတိရနေမှာ၊ ပြီးတော့ ဆက်ချစ်သွားမှာပါ”

အသက်ရှူသံများ ရပ်တန့်တဲ့တိုင်အောင် မွန်းကျပ်ခဲ့ရတယ်၊ မျက်ရည်တွေ ပါးပြင်ပေါ်ကျဆင်းလာပြီး ကျွန်မ သိလိုက်ရတယ်၊ အချစ်ဆိုတာ ဤမျှလောက် နာကျင်ရ၏။

အပိုင်း ၃

Only love can hurt like that

အဲဒီနေ့က အစ်ကို နီညိုရောင်လေး ဝတ်ထားတယ်။ အစ်ကိုနဲ့သိပ်လိုက်တာပဲ။

“ကိုယ် ဒီနေ့ သူငယ်ချင်းတွေအိမ် သွားအိပ်မှာ’လို့ အစ်ကိုဆီက စာဝင်ထားတယ်။

“သောက်မယ်စားမယ်ပေါ့ “ဟုတ်တာပေါ့ဗျာ

ဆိုင်သိမ်းပြီး ကျွန်မရှေ့က သူ့စက်ဘီးကလေး ဖြတ်သွားတယ်။ ကျွန်မကို ကျော်ခိုင်းပြီး တဖြည်းဖြည်း ဝေးကွာသွားတယ် ပြီးတော့ ပျောက်ကွယ်သွားတယ်။ တစ်ချက်ကလေးမှ ပြန်လှည့်မကြည့်။ “ကိုယ်ရောက်ပြီ “လျှော့သောက်နော်”

“သုံးခွက်ထဲသောက်မှာ

“ဟုတ်ပါပြီ၊ မေ့ကို သတိရနေတာလား”

“ရတာပေါ့ ရလို့ လိုင်းခဏ ခဏ တက်လာတာ” “စောစောလည်း အနားယူဦး အစ်ကို “ဟုတ်ကဲ့ပါ”

ဖုန်းပြောချိန်တွေဟာ ညပိုင်းတွေမို့ အစ်ကိုအားတဲ့အချိန်ကိုပဲ စောင့်ရတယ်။ အိပ်ရေးလည်းပျက်၊ တစ်ခါတလေ ဖုန်းတွေလွတ်ကျ တဲ့အထိ။ အစ်ကိုလည်း ခက်ခက်ခဲခဲကျွန်မကို ဆက်သွယ်ရဖို့ကြိုးစားနေရမှာကိုလည်း ကျွန်မ တွေးမိခဲ့တယ်။

ကျွန်မကိုယ်တိုင်ကျ တော့လည်းမခေါ်ရဲ။ အစ်ကို့ဆီက ဖုန်းအဝင်၊ စာအဝင်သာ စောင့်မျှော်ခဲ့ရတယ်။ နောက်နေ့မနက် မှုန်ကုပ်ကုပ်နဲ့ မျက်နှာကြီး တင်းမာပြီး ဆိုင်ဖွင့်နေတာကို တွေ့လိုက်တယ်။

ကျွန်မက ဝရန်တာကနေ ဖုန်းလေးထောင်ပီး လိုင်းတက်ဖို့ အချက်ပြလိုက်တော့– ပြီးတော့ “အစ်ကို ဘာဖြစ်နေတာလဲ၊ မျက်နှာကြီးက တင်းမာ

“အိပ်ရေးမဝလို့လေ” သူ့အဖြေက သိပ်ချစ်စရာကောင်းလွန်းတယ်။ “အစ်ကို” “ဗျာ” ”

“မေ့မွေးနေ့ကို မှတ်မိလား”

၁၉၈၈.၂.၁၂ လေ

မစဉ်းစားမတွေဝေဘဲ ခုနှစ်တစ်ခုကို သူချက်ချင်းပဲ ရွတ်ပြတော့ ကျွန်မ အံ့သြသွားခဲ့တယ်။ ကျွန်မ အစ်ကို့ကို တစ်ခါပဲ ပြောဖူးပေမယ့် အစ်ကို အလွတ်ရနေခဲ့တယ်၊ ကိုယ့်မွေးနေ့ကိုတောင် မနည်းစဉ်းစားရတဲ့ အမျိုးသားဟာ ကျွန်မမွေးနေ့ကိုတော့ အလွတ်ရနေသတဲ့။ နေ့ရက်တိုင်း မှာ ဦးနှောက်နဲ့နှလုံးသားအချိန်ပြည့် လွန်ဆွဲနေကြတယ်။

ကျွန်မနှုတ်က

“အစ်ကို မေနဲ့ စကားမပြောပဲ နေနိုင်လား၊ နေနိုင်ရင် နေလိုက်ပါတော့လားဟင်”

“မနေနိုင်လို့ပေါ့ကွာ မနေနိုင်လို့ပေါ့”

တိမ်ဝင်သွားတဲ့ သူ့အသံဟာ ကြေကွဲလွမ်းဆွတ်ဖွယ်ရာကောင်း နေတယ်။ နှစ်ယောက်သား တိတ်ဆိတ်သွားပြီး အတော်ကြာမှ–“ကိုယ် မင်းစကားကို

နားထောင်တယ်နော်၊ မင်းမြင်တယ်၊ကြားတယ် မဟုတ်လား” မသိချင်ယောင်ဆောင်ပြီး ကျွန်မက“ဘာတွေလဲ ဟင်” “ဟာ.. ကိုယ် စက်ဘီးကို ရေသုတ်ပြီး စီးတယ်လေ၊ နေပူပူ၊ မိုးရွာရွာ အဆောင်းပါတယ်လေ၊ ကွမ်းလည်း လျှော့စားတယ် ဆိုင်လည်း အစောသိမ်းတယ်ကွာ၊ မင်း မတွေ့ဘူးလား"

“အဲဒါ ဘာဖြစ်လို့လဲ အစ်ကို၊ အထူးအဆန်းမှမဟုတ်ပဲ အစ်ကို့အတွက် ကောင်းတာပဲဟာကို”

“အဲဒါ မင်းစကားကို နားထောင်တာလေ၊ မင်းကို စိတ်ထဲ ရှိနေတာလေကွာ”

“မေ သိပါတယ် စလိုက်တာပါ အစ်ကိုရဲ့”

“မင်းနော်”

“အိပ်တော့နော်”

“အင်း”

ဖုန်းပြောပြီး ကျွန်မ အိပ်ရာထဲဝင်ချိန်များတွေမှာ ငယ် နှစ်နှစ် မြိုက်မြိုက် အိပ်ပျော်နေခဲ့ပြီ။ ငယ့်ပါးချိုင့်လေး မမြင်ရတာတောင် ရက်အတော်ကြာခဲ့ပြီ၊ ည နှစ်နာရီကျော်မှ အိပ်ဖြစ်လာတဲ့ ကျွန်မက မနက် ငယ် ဘယ်အချိန် အလုပ်သွားလဲ မသိတော့။ ကျွန်မအလုပ်ချိန်တောင် ကျွန်မ အလုအယက် ပြေးဝင်နေရခဲ့ရတယ်။

ငယ် ပြန်လာရင် စားဖို့ ထမင်းကြိုခူးပေးထားမိတယ်။ အရင်လို ထမင်းလက်ဆုံ မစားဖြစ်တော့။ အစ်ကို့ဆီက စာ၊ ဒါမှ မဟုတ် ဖုန်းဝင်လာတဲ့အခါ ချက်ချင်းပြန်ပြောရမှာ။ မဟုတ်ရင် သူ မအားတော့မှာစိုးလို့ အလုပ်တွေကို ကြိုလုပ်ထားရပြန်တယ်။ ဒါပေမဲ့ လည်း ငယ်က အရာရာကို နားလည်ပေးခဲ့တယ်။

"မေ မေ့ ထတော့လေ၊ ဒီနေ့ မေကြိုက်တဲ့ အုန်းနို့ခေါက်ဆွဲ ချက်ထားပေးတယ်၊ အများကြီးစားနော်၊ ကောင်မလေးပိန်သွားလိုက်တာ” ဆိုပြီး ကျွန်မဆံပင်တွေကို သပ်တင်ပေးကာ-

“ငယ် မေ့ကို ဘယ်လောက်ချစ် ဘယ်လောက်ခင်လဲ ဆိုတာ မေ သိတယ် မဟုတ်လား”

“အင်း... မေ သိပါတယ်"

“ငယ် ဘယ်လောက်ဆိုးတယ်ဆိုတာရော သိတယ် မဟုတ်လား

“အင်း”

“မေ့ကို အရှက်ရစေတဲ့နေ့ ငယ် သူ့ကို သတ်မှာ” "ငယ်......"

“မေ့ကို မနာကျင်စေချင်ဘူး၊ တစ်ခုတော့ အမြဲသတိထားပါ။ အချစ်ဟာ နေရာတိုင်း အသုံးမဝင်ဘူး၊ အချစ်မှာ သတိရှိရမယ်၊ အယုံမလွယ်နဲ့မေ၊ အလုပ်သွားတော့မယ်နော်”

ငယ်က တန်ဖိုးရှိတဲ့ စကားများစွာကို ပြောသွားတယ်၊ ငယ် သူ့ကောင်လေးနဲ့ ပြတ်သွားပြီလို့ ပြောတုန်းက ကျွန်မ နှစ်သိမ့်ဖို့ မအားခဲ့။ အစ်ကိုနဲ့ ဖုန်းပြောနေခဲ့တယ်။ တောင်းပန်ပါတယ် ငယ်ရယ်။

“အစ်ကို

“ဗျာ”

“မေ လက်ဆောင်ပေးရင် အစ်ကို လက်ခံမှာလား

“အင်း... တစ်သက်လုံး အနားမှာ ထားမှာပေါ့”

“အစ်ကို့ကို နားထောင်စေချင်တဲ့ သီချင်းတွေ ရှိတယ်၊ နားထောင်မလား။”

“အင်း... ပြောလေ၊ ဘယ်သီချင်းလဲ ” "Only love can hurt like that"

အဲ့ညက အစ်ကို့ကို နားထောင်စေချင်တဲ့သီချင်းတွေအကုန် Link ချပြီး ပို့ပေးလိုက်တယ်“ဆယ့်လေးပုဒ် အစ်ကို””

“ဟုတ်ကဲ့ပါဗျာ၊သေချာ နားထောင်လိုက်မယ်နော်”” ညတွေမှာ ကျွန်မဟာ ကိုယ့်ထက် အသက် ဆယ်နှစ်မျှကြီးတဲ့ အမျိုးသားကို အချစ်ရာဇဝင်ပုံပြင်ဇာတ်လမ်းတွေအကြောင်း ပြောပြ နေခဲ့သေးတာ။

“အစ်ကို”“နားမငြီးဘူးလား”

“မငြီးပါဘူး၊ ချစ်စရာလေးဟာကို၊ အသံက ဆွဲဆောင်မှု ရှိတယ်၊ တီတီတာတာလေး

“အို မြှောက်ပြီး အစ်ကိုက”

“တကယ်ပြောတာ၊ ဖုန်းချမချင်လောက်အောင်ပဲ ဆိုကာမှ အချိန်ကို ကြည့်မိလိုက်တယ်။

“ကို၊ မေပြန်ခေါ်ပေးရမလား၊ နှစ်နာရီကျော်နေပြီ ဖုန်းပြောတာ အစ်ကို ဘေလ်တွေ ကုန်နေဦးမယ်လေ

“ရတယ် ကုန်ပါစေပေါ့"

“ဟာ အစ်ကိုကလည်း ဘယ်ဟုတ်မလဲ၊ မေပြန်ခေါ်ပါ့ မယ်

“အင်းပါ ဒါဆိုလည်း ဟိုဟာ လေး တစ်ခုမေးလို့ရမလားဟင်"

“အင်း မေးလေ “ကွမ်း ဘာလို့ စားတာလဲဟင်၊ ရောဂါရလိမ့်မယ်၊ မစားပါနဲ့လား

““ပျင်းလို့လေ ဝါးနေတာ၊ ဝါးရတာကိုက အရသာရှိလို့၊ ဒါပေမဲ့ကွာ မင်း အနားမှာ ရှိရင်တော့ မင်းနှုတ်ခမ်းလေး ပြောင်းနမ်း မှာပေါ့”

“ဟာ...အစ်ကိုကလဲ” အဲဒီညက သုံးနာရီခွဲတဲ့ထိ ဖုန်းပြောဖြစ်ခဲ့ကြတယ်။ “အိပ်တော့နော်၊ တစ်နေ့လုံး ပင်ပန်းထားရတဲ့ထဲ” “ဒါပဲလား”

“အင်းလေ ဒါပဲပေါ့”

“ဘာမှ ပြောစရာ မရှိတော့ဘူးလား”

“ပြောစရာတော့ ရှိပါတယ်၊ ဒါပေမဲ့ အစ်ကိုက ကွမ်း” သူ့ဘက်က ထရပ်လိုက်သံ၊ လမ်းလျှောက်သံ၊ ရေခပ်လိုက်သံ၊ ပလုတ်ကျင်းသံ၊ ကျွန်မ အားရပါးရ ရယ်မောလိုက်မိတယ်။ရပြီ

“မွချစ်တယ် အစ်ကို ”

ဖုန်းပြောလို့ ပြီးသွားပေမယ့် ကျွန်မ အိပ်လို့ မပျော်ခဲ့ပါ။ အတွေးများစွာ ရှုပ်ရှုပ်ထွေးထွေး တွေးနေမိတယ်။ အစ်ကိုက မိန်းမရှိတယ်၊ ကျွန်မက လူလွတ်၊

မည်သူမျှမသိပါဘဲ ခိုးပြီးဆက်သွယ် နေခဲ့ကြတယ်။ ဖောက်ပြန်ရာရောက်နေပြီး ကံငါးပါးထဲက တစ်ပါး ကိုလည်း ကျူးလွန်နေမိခဲ့ပြီလား။

"ဟာ.. ငါက ဖောက်ပြန်နေတာမှ မဟုတ်ပဲ၊ စကားလေးပဲ ပြောနေမိတာကို

"ဒါပေမဲ့ နင့်ကိုယ် နင် သိတယ်လေ မေ

"အင်း . . .သိတယ်လေ၊ ငါသူ့ကို ချစ်မိနေတယ်လေ၊ ဘာဖြစ်လဲဘယ်သူ့ ဂရုစိုက် ရမလဲ"

"ဟိုက နင့်ကို ယူမှာမို့လို့လား" "ယူမှာပေါ့၊ အစ်ကိုက ငါ့ကို ဒီလောက်ချစ်တာ" "နင်ကရော ယူမှာလား၊ ဘာတွေ ဖြစ်လာမလဲ မတွေးတော့ ဘူးလား၊ ဘာကို မက်မောနေတာလဲ"

"ဘာမှ မမက်မောပါဘူး၊ ငါ ချစ်မိနေလို့ပါ၊ ငါချစ်မိနေလို့ပါဟာ

"ဒီနားက ပတ်ဝန်းကျင်ကြီးသိသွားရင် နင်တော့ အရှက်ကွဲပြီ နင်တင်...မဟုတ်ဘူး၊ ငယ်ပါ သူများ တံတွေးခွက်ထဲမှာ..." တစ်ယောက်ထဲ မေးခွန်းပေါင်းများစွာ မေးရင်း ဖြေရင်း ငိုရင်း၊ ရင်ထဲ စူးအောင့်လာတယ်။ ဝရန်တာမှာ ဝုန်းခနဲ ပစ်လဲသွားပြီး ထိုင်ရက်သား ဆက်ငိုနေမိပြန်တယ်။

"ဟယ် မေ မေ့"

ငယ်ပြေးထွက်လာပြီး ထူပေးတယ်၊ ဒါပေမဲ့ မတ်တတ်ရပ် လိုက်ဖို့ အားမရှိခဲ့။ အဆောင်က တချို့အခန်းတွေ မီးဖွင့်ပြီး တီးတိုး ပြောကာ ကြည့်နေကြတယ်။

"သူက ဘာပြောလို့လဲ မေ ဟင် ဘာပြောလို့လဲ"" "သူက ပုံမှန်ပါပဲ၊ မေက မေ့အနာဂတ် မေ တွေးကြည့်မိ တာ၊ ငယ် ငယ်သိလား"

"မေ အစ်ကို့ကို ချစ်ရုံတင် မဟုတ်ဘူး၊ သူ့မျက်လုံး၊ သူ့အသံ၊ သူ့ဟန်တွေပါ မေ စွဲလမ်းရူးသွပ်နေပြီဆိုတာ"" ပြောပြီး ဆက်ငိုနေမိပြန်တယ်။ ငယ်ကတော့ တိတ်ဆိတ် လျက်။

"ဒေါက် ဒေါက်... ဒေါက်"

မနက်အစောကြီး တံခါးခေါက်သံ ကြားလိုက်ရတယ်။ ငယ်ထ ဖွင့်ပေးလိုက်တော့ အဆောင်ရှင်က"ညက ဘာဖြစ်တာလဲ သမီးတို့"

"ဪ ဟိုဟာ... မေ နေမကောင်းလို့ မူးလဲတာအန်တီ၊

ခုနားနေတယ်"

"ဪ.. ဟုတ်လား သက်သာရဲ့လား" "အိပ်ပျော်နေတယ် အန်တီ""

"ဪ...အေးပါ၊ ဘာများဖြစ်တာလဲလို့ အန်တီက၊

ဂရုစိုက်လိုက်ဦး သူငယ်ချင်းကို"

"ဟုတ် အန်တီ

ငယ့်ကို အားနာမိတယ်။ ကျေးဇူးပါပဲ ငယ်ရယ်။

"အစ်ကို" "ဗျာ"

"မေ ပြောစရာရှိတယ်"

"အင်း... ပြောလေ ကလေး

“အစ်ကိုက လူကြီးတစ်ယောက်အနေနဲ့ မေ့ထက် အမှန်ကို ပိုတွေးခေါ် ပြောတတ်မှာပါ။ အဲ့တာကြောင့် မေ့ကို ဘယ်လိုနေရမလဲ ဆိုတာ ပြောပြပေးပါလားဟမ်…မေ အစ်ကိုနဲ့ အခုလိုစကားပြောနေတာ မသင့်မှန်းသိပါတယ်။ ဒါပေမဲ့ နေလည်းမနေနိုင်ဘူး အစ်ကိုရယ်။ အရမ်းချစ်တယ်၊ ပြီးတော့ အစ်ကို့ဘေးနားက အမျိုးသမီးဟာ မေပဲ ဖြစ်နေချင်တယ် . .."

“ဦးနှောက်နဲ့ဆိုရင်တော့ မင်း ကိုယ်နဲ့ အဝေးဆုံးမှာ နေသင့်တယ်

ဒီစကားကို အစ်ကို ဘယ်လိုပြောထွက်ခဲ့သလဲမသိ စိတ်ထဲက တွေးနေမိခဲ့တယ်။ ပြောထွက်လိုက်တာ အစ်ကိုရယ်။

“ကိုယ်ကမင်းကိုပဲစိတ်ပူတာ အဖြူထည်လေး ကိုယ့်ကြောင့် အရောင်တွေစွန်း အပြောခံရမှာကို တကယ်မလိုချင်ဘူး

“နှလုံးသားနဲ့ နှလုံးသားနဲ့ပဲ ပြောပေးပါလား အစ်ကိုရယ်” နှလုံးသားနဲ့ပြောရရင် ဒီအတိုင်းလေးပဲကို နေသွားချင်တယ်။ မင်းစိတ်ညစ်ရင် ရင်လာဖွင့်အကူညီတောင်း ကိုယ်ရှိနေမယ်။ ဝေး လည်း မဝေးချင်ဘူးကွာ။ တကယ်ပါ မြတ်မြတ်နိုးနိုးနဲ့ မထိရက်မကိုင်ရက် ကိုယ်မင်းကို တကယ်ချစ်တာ"

“အခြေအနေတစ်ခုကြောင့် အတူတူရှိလာကြရမယ်ဆိုရင် လည်းပိုကောင်းတာပေါ့။ ဒါတွေဟာ ကိုယ့်အထင်အမြင်ပါ၊ မင်း စိတ်ကြိုက်ဆုံးဖြတ်နိုင်ပါတယ်။ မင်းအတွက် ကိုယ်လက်ခံမှာပါ …” “ကျေးဇူးပါ အစ်ကို”

ပြောလက်စ ဖုန်းကို ချပစ်လိုက်တယ်။ ကျွန်မ သိလိုက်ရပြီ အစ်ကိုကကျွန်မကို ဆုံးရှုံးရမှာမကြောက်။ သွေးအေးလွန်းတယ်။ချစ် ရင် ပိုင်ဆိုင်ချင်ကြတဲ့သူတွေကြီးပဲ မဟုတ်လား။ အခုအစ်ကိုက… “တော်ပါပြီ ဆက်မတွေးပါနဲ့တော့ မေရယ်… တော်ပါ တော့

ကိုယ့်ကိုကိုယ် သတိပေးလိုက်ပြီး ဦးနှောက်ကအလေးသာနေ ပြန်တယ်။ ကျွန်မတို့ စကားမပြောကြတော့ဘူး။ ကျွန်မဆိုင်ရှေ့ကတောင် ဖြတ်မလျှောက်တော့။ ဝရန်တာလည်းမထွက်တော့၊ အခန်းထဲသာ သီချင်းနားထောင်ပြီး ထိုင်ငေးတွေဝေနေခဲ့တယ်။ အစ်ကိုက ပေါ့ပျက် ပျက်ဆန်လွန်းလှတယ်. . . . ကျွန်မကို တကယ်မချစ်ဘူးလို့ ထင်ရတယ်။ ထွက်မကြည့်တော့ဘူးဆိုပြီး တံခါးပိတ်ထားသော်ငြားလည်း ချောင်း ကြည့်နေမိပြန်တယ်။ လိုင်းပေါ်တက်လာမလားလို့လဲ စောင့်နေမိခဲ့တယ်။ အစ်ကိုလည်း ကျွန်မစာအပို့ကို စောင့်နေတာထင်တယ်။Active Now အမြဲဖြစ်နေတယ်။ ဒါပေမဲ့ တစ်ယောက်ကိုတစ်ယောက် စာမပို့ခဲ့ကြ။ အဲ့ဒီနေ့က အစ်ကိုတစ်ယောက်ထဲပဲ ဆိုင်မှာ။ ဒါပေမဲ့ အစ်ကို ကျွန်မကို ဖုန်းမခေါ်ဘူး၊ စာလဲမပို့ဘူး။ ညနေငါးနာရီလောက်မှ

“မင်း ကံကောင်းပါစေကွာ” “လွမ်းတယ်ကလေးရယ်”ဆိုပြီး စာဝင်လာတယ်။ ကျွန်မကတော့ စာမပြန်ဖြစ်ခဲ့။

အဲ့နေ့က အစ်ကို ညကိုးနာရီခွဲကျော်တဲ့အထိ ဆိုင်မသိမ်းသေးဘူး။

အလုအယက် သူခိုးတွေပေါများနေရတဲ့အထဲ ဆိုင်ကိုတစ်ယောက်ထဲလာပြီး စောစောမသိမ်းဘူးလို့ စိတ်ထဲက တွေးပြီးစိတ်ပူနေမိသေးတယ်။ အခုလိုစိတ်ပူရတဲ့ညမျိုးတွေဆို ကျွန်မကဝရန်တာမှာမီးဖွင့်ပြီး မတ်တပ်ထွက်ရပ်ပေးနေခဲ့ တာ အစ်ကို ဆိုင်သိမ်းပြီးထွက်သွားမှ စိတ်ပူရတာ သက်သာတာ။

အခုလည်း စကားမပြောပေမဲ့ စိတ်ပူမိတာမို့ ဝရန်တာမှာတံခါးဖွင့်ပြီးမတ်တပ်ရပ်စောင့်နေပေးခဲ့တယ်။ အမှောင်ထဲမှာဆိုပေမဲ့ မျက်ဝန်း ညိုတွေကို အထင်းသားမြင်နေရတယ်။ သူ့မျက်လုံးတွေမှ သူ့နှလုံး သားတွေနာကျင်နေကြောင်း ဖော်ပြနေတယ်။ ဆိုင်ကို ချက်ချင်းသိမ်းက စက်ဘီးကလေး တဖြည်းဖြည်း...

ကျွန်မရှိရာ ရွေ့လာပြန်တယ်။ ကျွန်မကျောပေး၍ နေလိုက်မိ တော့တယ်။ သွားပါတော့ အစ်ကိုရယ်...။

နောက်နေ့ ငယ်မိတ်ဆက်ပေးထားတဲ့ထဲက တစ်ယောက်ကို လက်ခံစကားပြောနေမိခဲ့တာ...။ ထိုလူနဲ့ ဖုန်းပြောနေပေမဲ့လည်း ကိုယ့်အတွေးနဲ့ကိုယ် တိတ်ဆိတ်နေခဲ့တယ်..

အစ်ကို့ ဖုန်းဝင်လာတာနဲ့ ပြောလက်စ ဖုန်းကိုချကာ အစ်ကို့ ဖုန်းကိုကိုင်လိုက်မိတယ်။

““ဟယ်လို”

“ခုန ဖုန်းပြောနေတာ ဘယ်သူလဲ အကြာကြီးပဲ စိတ်ထဲ တနုံ့နုံ့နဲ့ ဘယ်သူလဲ..ဟမ်”

မေ့ ကောင်လေး”

အချိန်ကြာကြာ အစ်ကို တိတ်ဆိတ်သွားပြီး . . . “အင်းပါ မိတ်ဆက်ပေးဦးနော်”

"ဟုတ် ပါးပါး"

အစ်ကိုက သူ့အလှည့်ကျတော့ ခံနိုင်ရည်မရှိဘူးထင်တယ်။

အော်...အစ်ကို ကျွန်မနေရာ ဝင်မကြည့်ခဲ့ဖူးဘူးပဲ။ အတူယှဉ်ကာ အစ်ကိုတို့ထိုင်နေရင် ကျွန်မဘယ်လောက် နာကျင်ရမယ်ဆိုတာ ပတ် ဝန်းကျင်ကသိသွားခဲ့ရင်၊ ဘာတွေဖြစ်လာမလဲ။ ကျူးလွန်မိတဲ့ကံ အကြောင်းတွေးရင်လဲ ဘယ်လောက်နာကျင်ရတယ်။ ကျွန်မအတွေးတွေနဲ့ ဘယ်လောက်ပင်ပန်းနေမလဲဆိုတာ တွေးကြည့်ဖူးရဲ့လား အစ်ကို။ ဦးနှောက်က သတိပေးလိုက်၊ နှလုံးသားက သတိပျက်လိုက်နဲ့ နေ့စဉ် ရူးနေပြီဆိုတာလဲ မသိဘူးမလား... မသိဘူးမလားဟမ်.. ပြောမ ထွက်ခဲ့တဲ့ စကားတွေကို မြိုသိပ်လိုက်ပြီး ငြိမ်သက်နေမိခဲ့တယ်။ “ကိုယ်တောင်းပန်ပါတယ် အရမ်းသတိရနေမိလို့”

“ဒါပဲနော် မေ စောစောနားတော့မယ် ...””ကျွန်မက အရင် ဦးအောင် ဖုန်းချပစ်လိုက်တယ်။

ငယ်က ထုံးစံအတိုင်း မနက်စာပြင်ပေးပြီး အလုပ်သွားတယ်။ ဒီနေ့ ထူးဆန်းစွာ ညနေကျ အစောပြန်လာခဲ့မည်ဟု စာရေးသွားသေးတယ်။ မနက်အစောကြီး အစ်ကိုဆိုင်ခင်းနေတယ်။

ခဏအကြာ ဖုန်းဝင်လာပြီး...

"ကိုယ့်ကိုစိတ်ဆိုးနေတာလား"

"မဆိုးပါဘူး ဒါပေမဲ့သိချင်တာတစ်ခုတော့ရှိတယ် အစ်ကို" "အင်း ဘာလဲ"

"အစ်ကို မေ့ကိုတကယ်ပဲ ချစ်ရဲ့လား"

"ချစ်တာပေါ့ကွ၊ တကယ်အရမ်းချစ်တာပါကွာ"

"ချစ်ရင် ပိုင်ဆိုင်ချင်ကြတယ်လေ၊ အစ်ကိုက မေ့ကို မပိုင်ဆိုင် ချင်လို့လား"

ပိုင်ဆိုင်ချင်တာပေါ့ကွာ၊ အနားမှာထားချင်တာပေါ့၊ ကိုယ်က လူလွတ်မဟုတ်ဘူး၊ မင်းကို ငဲ့နေလို့ကွ၊ ပုံမှန်သာဆိုရင် ကိုယ်ဘယ် အခြေအနေဖြစ်ဖြစ် ဖြတ်ကျော်လာမှာ၊ အခုရော အခု ကိုယ်အဆင်ပြေနေတယ်လို့ မင်းထင်နေတာလား၊ မပြေဘူးကွ၊ မင်းကို ချစ်နေလို့ မင်းကို ငဲ့နေလို့ အရာရာကို မျိုသိပ်ထားနေရတာ"

အစ်ကို့စကားတွေဟာ နာကျင်စရာ ကောင်းလွန်းလှတယ်။ အစ်ကို့စကားအဆုံးတွင် ငိုချမိလိုက်တယ်။ နေ့ရက်တိုင်းမှာ မျက်ရည် တွေနဲ့ပါပဲ အစ်ကိုရယ်။

"အစ်ကိုက မေ့လောက်တောင် သတ္တိမရှိပါဘူး၊ ဒီလောက် ခြေလှမ်းများစွာ လှမ်းခဲ့တာ အစ်ကို့ဆီရောက်မှ ဒီအတိုင်းလေးဆက် သွားမယ်တဲ့လား

"မဟုတ်ပါဘူး မေရယ် ကိုယ်ပြောတာနားထောင်ပါဦး၊ မင်း ကိုယ့်လိုလူရဲ့အနားမှာ နေရဲလို့လား

"နေရဲတာပေါ့.... အစ်ကိုရဲ့"

ကျွန်မအဖြေဟာ အစ်ကို မထင်ထားတဲ့ အဖြေဖြစ်နေတယ်နဲ့ တူတယ်။ ကျွန်မရှိုက်သံတွေကြား အစ်ကိုအချိန်ကြာကြာ တိတ်ဆိတ် သွားတယ်။

"မငိုပါနဲ့ကွာ မင်းသိထားပေးပါ ကိုယ်တိတ်ဆိတ်နေရခြင်းဟာ မင်းကိုငဲ့ညာနေလို့ပါ ..မင်းဘက်ကိုတွေးနေလို့...ဆိုတာ"

"မလိုချင်ဘူး မသိချင်ဘူး အစ်ကို အစ်ကိုက မေ့လောက်တောင် သတ္တိမရှိဘူး။ အစ်ကို မေ့ကို တကယ်မချစ်ဘူး မချစ်ခဲ့ဘူး၊ ဟုတ်တယ် မလား ချစ်တယ်ဆိုတာ အစ်ကိုညာခဲ့တာ ညာခဲ့တာမလား ညာခဲ့တာ ဟုတ်တယ်မလားလို့""မေရယ် . . .''ဖုန်းချပစ်လိုက်ပြီး ....ထိုတစ်နေ့လုံးလဲ ကျွန်မ ငိုနေမိတော့တယ်။

အပိုင်း (၄)

“အချစ်”ဟာ အနံ့ အရသာနဲ့ပြည့်စုံတဲ့ နှစ်လိုဖွယ်ရာ “အဆိပ်ခွက်ပဲ

“မေရေ ငယ်ရောက်ပြီနော်”

“ဟယ်… အလုပ်မသွားတာလား””

“အင်း”

“ငယ် ဒီနေ့ ဘာလို့ စောစောပြန်လာလဲ သိလား” “ဟင့်အင်း”“ဒီနေ့ ငယ့်မွေးနေ့လေ”

“ဟယ်”

ကျွန်မ အလွန်ဝမ်းနည်းမိတယ်။

"မေ့နေလိုက်တာ တောင်းပန်ပါတယ်ငယ်ရယ် မေ..မေ”

“ဘာမှ မဖြစ်ပါဘူး မေရယ်၊ ငယ်နားလည်ပါတယ်၊ အပြင် သွားတော့ဘူး၊ ဘာစားချင်လဲ၊ဘာလုပ်ချင်လဲ၊ငယ်လုပ်ပေးမယ်” ဩော် သောက်ကြမလား”

“အင်း…. ငယ့်သဘောပါပဲ”

အဲဒီညက ဝရန်တာမှာ ငယ်နဲ့ကျွန်မ အတူသောက်ကြတယ်။ အရင်က အရက်က ခါးတယ်ထင်ရပေမယ့် အစ်ကိုနဲ့တွေ့ပြီး နောက်ပိုင်း အစ်ကို့အချစ်က ပိုခါးကြောင်း သိခဲ့ရတယ်၊ အစ်ကို ဆိုင်သိမ်းနေပြီ၊ ရေးတေးတေးသာ မြင်ရတော့တယ်။

“ငယ့်၊ မေ ဒီကောင့်ကို အပေါ်ကနေ ပုလင်းနဲ့ ထုခွဲလိုက်ရမလာ“လုပ်ချင်ရင် လုပ်လိုက်လေ

“ဟုတ်ပြီဟုတ်ပြီ ငယ်" လက်တန်းများကိုကိုင်ကာ မတ်တတ်ထရပ်လိုက်ချိန်။ ကျွန်မ မြင်နေကျလို မဟုတ်ဘဲ အစ်ကို့နောက်မှာ အစ်ကို့အမျိုးသမီးပါ ပါ လာတယ်။

“ငယ့် တွေ့လား၊ တွေ့ရဲ့လား ငယ် ဘာမှ ပြန်မပြော။ ပုလင်းနဲ့ ကိုယ့်ခေါင်းကိုသာ ရိုက်ခွဲ လိုက်မိတယ်၊ကြမ်းပြင်ပေါ်သို့ ကျွန်မပစ်လဲသွားပြီး ကြယ်တွေမြင်နေ ရတယ်။ ပြီးတော့ ငယ့်ခေါ်သံတွေ နှုတ်ကလည်း ရေရွတ်နေမိတယ်။ “ငါ ကျူးလွန်မိခဲ့တဲ့ ကံတစ်ပါးဟာ မင်းပဲ…." မျက်လုံးများကို မှိတ်ချပစ်လိုက်တယ်။

သတိပြန်ရတော့ ခေါင်းမှာပတ်တီးစည်းထားရပြီး ညကရော၊ ခုမနက်ရော ဘာတွေ ဘယ်လိုဆက်ဖြစ်ခဲ့လဲ ဘာမှမသိဘူး။ အဆောင် ရှင်ကိုလည်း ငယ် ဘယ်လိုတွေတောင်းပန်ခဲ့ရသလဲ ကျွန်မ မသိ။ “နိုးပြီလား မေ”

“အင်း”

“သက်သာလား၊ ခေါင်းကိုက်နေလား”

“ကြက်သားဆန်ပြုတ်လုပ်နေတာ ခဏနေမှ သောက်နော်” “ညက ညက ဘာတွေ ဖြစ်သေးလဲဟင်၊ အဆောင်ရှင်ရော ဘာပြောသေးလဲ”

“စိတ်မပူပါနဲ့၊ ငယ် ကြည့်ပြောထားတယ်”” “ဟင် … ဖုန်းရော၊ မေ့ဖုန်းရော “အင့်…. ဒီမှာ”

အစ်ကို့ဆီက ဖုန်းများဝင်ထားတာတွေ့ပေမယ့် ကျွန်မ ပြန်မ ဆက်ခဲ့။ သို့သော် လိုင်းဖွင့်လိုက်တော့ viber မှာ အစ်ကိုActive Now ဖြစ်နေတယ်။“ညက ဘာဖြစ်တာလဲ ကလေး” “ကိုယ့်ခေါင်းကို ရိုက်ခွဲလိုက်တာ အစ်ကို” စာကို ချက်ချင်း ဖတ်ပြီး အစ်ကို့ဆီက ဖုန်းဝင်လာခဲ့တယ်“ဟလို ပြောပါ”

“မေ့ ကိုယ့်ကိုကတိပေးကွာ၊ ကိုယ့်ကိုယ်ကိုနာကျင်အောင် မလုပ်ပါဘူးလို့၊ မင်းနာကျင်ရင် ကိုယ်နာကျင်ရသလိုပဲကွ”

အစ်ကို့ဟာ အစ်ကို နာကျင်မှာ ကြောက်လို့ ပြောနေတာလား၊ ကျွန်မနာကျင်မှာကြောက်လို့ ပြောနေတာလားဆိုတာ ကျွန်မ ဝေခွဲမရ။ “မင်းအတွက် မင်းပဲ ဖြစ်ဖြစ်၊ ကိုယ့်စကားနားထောင်တာပဲ ဖြစ်ဖြစ် နောက်နောင် ကိုယ့်ကိုယ်ကိုနာကျင်အောင်မလုပ်ဘူးလို့ ကတိ ပေးပါလား..ဟင်”

“ကတိပေးပါတယ်၊ မလုပ်တော့ပါဘူး အစ်ကို၊ ဒါပေမဲ့ အစ်ကို့ကြောင့် … အစ်ကို့ကြောင့် နာကျင်ရရင်ရော” “ကိုယ် တောင်းပန်ပါတယ်ကွာ”

ဘာ

ကျွန်မ အရမ်းဝမ်းနည်းမိတယ်။

“နာကျင်စရာကောင်းလိုက်တဲ့ ဇာတ်လမ်း၊ အစမှာကတည်းက နာကျင်နေရတယ်၊ ဒီလိုဇာတ်လမ်းမျိုးရှိပါဦးမလား၊ မနီးနိုင်ဘူး ဆိုတာလည်း သိတယ်၊ နာကျင်ရမှာလည်း သိတယ်။ ဒါပေမဲ့ နှလုံးသား တွေက ကြိတ်မှိတ်ပြီး ချစ်ချင်နေသေးတယ်၊ မုန်းလို့ရမယ်၊ မေ့လို့ရမယ် ဆိုရင် မေ တကယ် မုန်းလိုက်၊ မေ့လိုက်ချင်တယ် သိလား အစ်ကို”

“ဆက်မပြောပါနဲ့တော့ကွာ မပြောပါနဲ့တော့၊ ဒါဟာဇာတ်လမ်းမဟုတ်ဘူး လက်တွေ့ဘဝပါ မေ၊ မင်း နာကျင်ရမယ်ဆိုတာ ကိုယ်ကြိုသိခဲ့ရင် ချစ်တယ်လို့ ဖွင့်မပြောခဲ့ဘူး သိလား” "

“မေတို့ တစ်ယောက်ကိုတစ်ယောက် တကယ်ချစ်ခဲ့ကြတာပဲမဟုတ်လားဟင်၊ ဘာလို့ မေတို့ကျမှ ဒီလိုတွေခံစားနေရတာလဲ၊ ဘာလို့လဲ အစ်ကိုရယ် ဘာလို့လဲ” ”

"မငိုပါနဲ့ကွာ

"ဖြေပါ ဖြေစမ်းပါ၊ ဘာကြောင့် မေ့အတွက် အချစ်က နာကျင်နေရတာလဲ၊ ဘာကြောင့်လဲ၊ မေ ဘာမှားနေလဲ ဖြေပေးပါ အစ်ကိုရယ် ဖြေပေးပါ"

ကလေးတစ်ယောက်လို အော်ဟစ်ငိုယို ပြောဆိုလိုက်မိတယ်။ အဖြေမရှိဘူးထင်ပါရဲ့၊ အစ်ကိုတိတ်ဆိတ်နေခဲ့ပြီး ကျွန်မငိုသံတွေသာ ဖုန်းထဲ ပြည့်နေခဲ့တယ်။ ကျွန်မသိတယ်၊ အစ်ကိုလည်း ငိုနေမယ် ဆိုတာ။

အခုအချိန်မှာ အစ်ကိုတိတ်ဆိတ်ခြင်းက ကျွန်မငိုသံတွေထက် ပိုကျယ်နေလေမလား။

အဲဒီနေ့က မိုးတွေ အရမ်းရွာနေခဲ့တာ မြို့ထဲမှာ ကားလမ်းပေါ်ထိ ရေတွေတက်တယ်လို့ သတင်းတွေ ကြားရတယ်။

"မေ့၊ ငယ် အလုပ်သွားပြီ၊ မနက်စာပြင်ခဲ့တယ်၊ များများစားနော်"

"ဟုတ်၊ ဂရုစိုက်ပါ ငယ်၊ မေလည်း အပြင်သွားမှာ၊ ပစ္စည်း ဝယ်စရာရှိလို့"

"နောက်ရက်မှ သွားပါလား မေ၊ ရေတွေကြီးနေတာမြို့ထဲမှာ ငယ် ဘာဝယ်လာခဲ့ရလဲ၊ ဘာဝယ်မလို့လဲ"

"ဟင့်အင်း မေ့ဘာသာ သွားလိုက်မယ်"

"အင်း အင်းပါ၊ ဂရုစိုက် တာ့တာနော်"

ကျွန်မအကျင့်ကလုပ်ချင်တာရှိရင် ဘယ်လိုလူ၊ ဘယ် အကြောင်းတရားကမှ အဖျက်ဆီးမခံ၊ အပျက်မခံတတ်၊ ရအောင်လုပ် တတ်တယ်။ ရေကြီးတဲ့နေ့မှပဲ ကျွန်မဟာ မြန်မာဝတ်စုံကြီးဝတ်လျက်။ဝတ်စုံနဲ့ ကျွန်မလိုက်တယ်ထင်တယ်။ အစ်ကိုဟာ အကြည့်ကို ကျွန်မ ဆီက တစ်စက်ကလေးမှ မလွှဲ။ "အပြင်သွားမလို့လား"

"အင်း

"ဂရုစိုက်နော်"

"အင်း"

"တအင်းအင်းနဲ့ကွာ၊ ကို့ကို ချစ်လား" "ချစ်တာပေါ့""

"ဒါဆို ပြုံးပြ"

ပါးစပ်စေ့စေ့ပိတ်ကာ ပြုံးပြလိုက်ပြီး စနောက်ကာ လျှာလည်း

ထုတ်ပြလိုက်တယ်၊ ကားပေါ်ရောက်တဲ့အထိအစ်ကို စာတွေ ဆက်တိုက် ပို့နေခဲ့တယ်။

“ထီးယူသွားတယ်ဟုတ်လား”

“ကားပေါ်ဂရုစိုက်နော်”

“ထိုင်ခုံရလား

“ရောက်ပြီလား”

စိတ်မချဖြစ်နေပြီး ဖုန်းတွေလည်း ခေါ်နေခဲ့တယ်။ ရေတွေက ဒူးလောက်ထိတက်နေတာမို့ အမြန်ဝယ်ချင်ပေမယ့်လည်း ပစ္စည်းက ရှာမတွေ့။ မိုးရေတွေလည်း ရွဲစိုလျက် နှစ်နာရီကျော်မှ အိမ်ပြန်ရောက် ခဲ့တယ်။

“ဘာသွားဝယ်တာလဲ”

‘For you’

“ကိုယ့်အတွက်လား”

“ခဏနားဦးမယ်၊ မေ ပင်ပန်းလာလို့

အဲဒီနေ့က သူ ဆိုင်ဘယ်အချိန် သိမ်းသွားလဲတောင် မသိ၊အစောကြီး အိပ်ပျော်သွားခဲ့တယ်။ ညဆယ့်တစ်နာရီလောက် သူ့ဆီက “အိပ်ပြီလား”လို့ စာဝင်လာမှ လန့်နိုးလာခဲ့ပြီး ငယ်နိုးမှာ စိုးလို့ အသံကို ပိတ်ပစ်လိုက်တယ်။ မင်းဒီနေ့ အရမ်းလှတယ်“ဘယ်သူလဲ”

“ကိုယ့်သမီးလေးကို ပြောတာပါ၊ မင်းက ဘာမနာလိုဖြစ်” “အို ဖြစ်မှဖြစ်ရ မနာလိုစရာ ဘာအကြောင်းရှိလို့လဲ” မနက်က လျှာထုတ်ပြသွားတာလေး အနားမှာရှိရင် ဆွဲနမ်းပစ်လိုက်မှာ”

“စတာ ကို”

“စတာလေးကိုချစ်လို့ပေါ့ကွ၊ ချစ်တယ် မိန်းကလေးရယ်၊ လွန်ခဲ့တဲ့ ဆယ်နှစ်က မင်း ဘယ်ရောက်နေခဲ့တာလဲကွာ” ကျွန်မကို ထပ်နာကျင်စေခဲ့ပြန်ပြီ။

“မင်းကို စာပို့ချင်လို့ ကိုယ်စောင့်နေတာ’ “အမျိုးသမီးရော”

“ရှိတယ်၊ သူက အခန်းထဲမှာ အိပ်နေတယ်၊ ကိုယ်ကအပြင်မှာ” “စာတွေ ဖျက်ရဲ့လား”

“အင်း.....ဖျက်ပါတယ်”

"နားတော့ နားတော့ ဒါပဲနော်၊ ကိုယ်မနက်စောစောလာခဲ့မယ်"

"ဟုတ် တာ့တာ'

မနက် ၁း၂၁ မိနစ်မှာ ဖုန်းတစ်ခါဝင်တယ် ကျသွားတယ်။ နောက် မနက် ၂း၃၃ မိနစ်မှာ ဖုန်းထပ်ဝင်လာတယ်။ ကျွန်မစိတ်ထဲ ခုနေတာနဲ့ ကိုင်ပြီးမှ ဘာမှမပြောပဲ ပြန်ချလိုက်မိတယ်။ နောက်ဆုံး မနက် ၂း၄၀ မိနစ်မှာ စာတစ်စောင်ဝင်လာတယ်။"မိန်းမက မေးနေတယ် ဘယ်သူလဲတဲ့"

အဲဒီ စာကို မြင်ပြီးချိန်မှာ ကျွန်မရင်ထဲကပျံဝဲနေတဲ့ လိပ်ပြာ ပေါင်း ၁၀၀၀ မကဟာ ကျွန်မခန္ဓာကိုယ်ကို ပြန်ကပ်လာခဲ့တ အစ်ကိုဟာ မိန်းမရှိတယ်။ အခုသိသွားပြီ။ ဒီစာဟာ အစ်ကိုပို့တာမဖြစ် နိုင်ဘူး။ အစ်ကိုဟာ အစောကနှုတ်ဆက်သွားခဲ့ပြီးပြီ။ အို . . . မနက်ကျ ငါ့ကို ရန်လာတွေ့ကြလိမ့်မယ်။ ငယ်နဲ့ ပြဿနာတက်ကြတော့မှာပဲ။ "အဆောင်ပြောင်းရမှာ၊ ဟုတ်တယ်"ဆိုတဲ့အတွေးနဲ့ ပစ္စည်းတွေထသိမ်း နေမိပြန်တယ်။

"ငါ ဘာတွေ လုပ်မိခဲ့ပါလိမ့်" "ဟင် အစ်ကိုရော စာတွေဖျက်မိရဲ့လား၊ တွေ့သွားပြီလား" "သူတို့တွေ ရန်ဖြစ်နေကြလား မသိဘူး "အစ်ကို အဆင်မှ ပြေရဲ့လား"

သွေးရူးသွေးတန်းဖြစ်နေချိန်မှာတောင် အစ်ကို့ကို တွေးစိတ် နေမိခဲ့ပြီး တစ်ညလုံး အိပ်လို့မရခဲ့ ။ မနက်ဖြန် ဘာဖြစ်မလဲလို့တွေးကာ ငိုယိုနေမိတယ်။ မနက် ခြောက်နာရီမှာ ကျွန်မ ဂနာမငြိမ်လို့ ငယ် နိုးလာတယ်။

"ငယ့်၊ သူသိသွားပြီထင်တယ် ငယ်ရယ်"" "ဘယ်သူလဲ မေ၊ ဘယ်သူလဲဟင်" ""အစ်ကို့အမျိုးသမီးလေ"

"သူက ဒေါသတကြီးနဲ့ ပြောရင် အစ်ကို ပိုပြီးအရှက်ရ၊ နာကျင်ရလိမ့်မယ်ငယ်"

လုပ်ပါဦး" "မေ အဲ့လို အစ်ကို့ကို မနာကျင်စေချင်ဘူး၊ ငယ်ရယ်

"မေ့ သတိလေးဘာလေးထားပါဦး မေရယ်" ငယ်အသံတွေလည်း ငိုသံပါနေခဲ့တယ်။

နောက်တစ်နေ့မနက်၁၂ နာရီထိ အစ်ကို ဆိုင်လာမခင်း။ ပိုပြီး စိတ်ပူခဲ့ရတယ်။

"အစ်ကို အဆင်မှပြေရဲ့လားမသိဘူး၊ မိန်းမနဲ့ရန်ဖြစ် ကွဲပြဲ ထိုးကြိတ်မှုတွေ ဖြစ်နေပြီလား၊ အဲ့လိုဖြစ်နေပြီလားမသိဘူးနော်ငယ်"" ငယ်ရော ကျွန်မရော အစ်ကို့ဆိုင်ခင်းမယ့် အချိန်ကို စောင့်နေခဲ့ကြတယ်။ ဝရန်တာမှာ ထလိုက် ထိုင်လိုက်

ထွက်ထွက် ကြည့်နေတဲ့ ကျွန်မကို ငယ်ကလက်ကို လာကိုင်ပြီး– ပင်ပန်းနေပါပြီ မေရယ်”

“ဘာစကားမှ မပြောဖြစ်ခဲ့။ အဲဒီတစ်နေ့လုံး အစ်ကို ဆိုင်လာမခင်း။ ““အရှင်ဘုရား၊ တပည့်တော်မဟာ အဲ့ဒီအမျိုးသားကို ချစ်တဲ့ စိတ်တစ်ခုထဲနဲ့ နှလုံးသားစေရာကို လိုက်ခဲ့မိပါတယ်ဘုရား၊ တစ်ဦး တစ်ယောက် နာကျင်သွားပါစေ၊ ပျက်စီးသွားပါစေဆိုတဲ့ ရည်ရွယ် ချက်မျိုး မရှိခဲ့ပါဘူး၊ ဤသစ္စာမှန်ကန်ခဲ့ပါက အစ်ကိုတို့ ပြန်လည် အဆင်ပြေပါစေဘုရား”

မျက်ရည်တွေနဲ့ ဘုရားရှေ့ ဒူးထောက် သစ္စာဆိုနေမိခဲ့တယ်။

နောက်တစ်နေ့ ညနေ သုံးနာရီထိ ဆိုင်မဖွင့်သေး။

ဒါဆို သေချာနေပါပြီ၊ အစ်ကိုတို့ တစ်ခုခုဖြစ်နေကြရောပေါ့ ။ နှစ်ရက်တောင် ဆိုင်လာမခင်းတာ၊ သူတို့လာတဲ့နေ့ကျ သေချာပေါက် ပြဿနာတက်ကြရတော့မယ်။ ငါ့ကြောင့် အစ်ကိုရော ငယ်ပါ အရှက်တကွဲ အကျိုးနည်း နာကျင်ခံစားရတော့မယ်။

“ငယ်၊ မေတို့ပြောင်းရအောင်၊ အခုပြောင်းရအောင် ငယ်ရယ်နော်

“မရဘူးလေ မေ၊ ဒီတစ်လတော့ စောင့်ရမှာပဲ”

“မေကြောက်နေတယ် ငယ်ရယ်၊ မေ့ကြောင့် ပြဿနာတွေ မဖြစ်စေချင်ဘူး၊ ဘယ်လိုလုပ်ရမလဲ ငယ်၊ မေ တစ်ယောက်ထဲသွားရမလားငယ့်ကို လာမေးရင် မသိဘူး ပြောလိုက်လေနော်”

မေ

“နေဦး နေဦး၊ အကျီထည့်လိုက်ဦးမယ်” “ဟင် ဒါဆို သူတို့တွေက ငယ့်ကို ဝိုင်းပြောကြမှာပေါ့” “စိတ်ကို ငြိမ်ငြိမ်လေးထားပါ၊ မေ ရှုးသွားလိမ့်မယ်၊ ရှုးသွားလိမ့်မယ် သိလား၊ ဘာတွေဖြစ်ဖြစ် ဖြစ်လာတဲ့ပြဿနာ တူတူ ရင်ဆိုင်ကြမယ်၊ ငယ်တစ်ယောက်လုံးရှိတယ်၊ ဒါပေမဲ့ စိတ်လေးခဏလောက် အနားပေးလိုက်ပါဦးဟာနော်”

အပိုင်း (၅)

မဖြစ်နိုင်ဘူးဆိုတဲ့ အခြေအနေတစ်ခုမှာ

ငါ ခြေတစ်လှမ်းတိုးရင်

အစ်ကို ခြေတစ်လှမ်း ပြန်ဆုတ်တယ်။

အစ်ကိုဟာ အဲဒီလို

လူကြီးလူကောင်း ပီသလွန်းတယ်။

အဲဒီနေ့က နေသာတယ်။ ၁၂ ကျော်မှ အစ်ကို ဆိုင်လာခင်းတယ်။ အရင်လို တစ်ယောက်ထဲ မဟုတ်တော့ဘူး။ အမျိုးသမီးလည်း တစ်ခါ ထဲ ပါလာတယ်။ ဆိုင်ရှေ့ရောက်ထဲက ကျွန်မကို ကြည့်နေလိုက်တာ ဘယ်လိုအကြည့်မျိုးလဲ မပြောပြတတ်ဘူး ။ ကျွန်မစိတ်မှာခံစားမိတာက ရာနှုန်းပြည့် ကျွန်မဆိုတာသိသွားပြီဆိုတာပဲ။ အစ်ကိုက ကျွန်မရှိရာဘက် ဦးတောင်မလှည့်။

"ကြည့်ပါဦး ငယ်ရယ်၊ အစ်ကို မေ့ဘက်တောင်မလှည့်ဘူး" "မေ့ အဲဒါ သူ မဟုတ်တာ လုပ်ထားလို့လေ။ သူ မလုံလို့လေ ပြီးပြီ ဇာတ်လမ်းက၊ သူ့ဟာမလည်း သိသွားလောက်ပြီ၊ ဖြစ်လာခဲ့ ရင်တော့ ငယ်ရှင်းမယ်၊ ဘာမှ ထပ်မဖြစ်လာဘူး ဆိုရင်တော့ ငယ့်ကို ကတိပေးပါ၊ သွားမပတ်သက်ပါဘူးလို့" "အင်းပါ ငယ်ရယ်"

အရင်လို ကျွန်မ ဝရန်တာကို မထွက်တော့ဘူး။ အဆောင်အပြင် ဈေးနဲ့ အလုပ်လည်း မသွားတော့ဘူး။ အဆောင်ထဲသာ အောင်းနေဖြစ် တော့တယ်။ မနက်စာအပြင် နေ့လယ်စာ၊ ညစာကိုရော ကျွန်မအတွက် လုပ်ပေးရပြီး ငယ်ဟာ အရင်ထက် ပိုပင်ပန်းနေရှာတယ်၊ အဆောင် ထဲလည်း အမြဲ ကျွန်မတစ်ယောက်သာ ကျန်ခဲ့တယ်။ အစ်ကိုပြောပြ လိုက်တာ သေချာနေပြီ။ သတိထားမိသလောက် အမျိုးသမီးက ကျွန်မ တို့အဆောင်ကိုသာ အမြဲကြည့်နေတတ်တယ်။

"မေ့လိုက် မေ၊ ဒီကောင့်ကို ငယ်လည်း ခံစားမိတယ်၊ အဲ့မိန်းမ သိသွားပြီဆိုတာ၊ သူပြောပြစရာမလိုဘူးလေ၊ ဟုတ်တယ် "ဟုတ်လား

"ငယ်ရယ်၊ သူ မတတ်သာလို့ပဲ ပြောပြလိုက်ရတာဖြစ်မှာ" "ဒါ မေက သူ့ဘက်က အကောင်းမြင်နေတာကိုး၊ ဘယ်လိုပဲပြောပြော မေဆိုတာ ပြောပြဖို့ မသင့်တော်ဘူးလေ"

"ဒါပေမဲ့ ငယ်ရယ်၊ သူဘယ်လိုတွေ ညှိယူရ၊ ဘယ်လိုတွေ ပြောလိုက်ရလဲမှ မသိတာ၊ မေ့ကို ရန်လာမတွေ့ဘူးလေ"

"ငယ် တကယ်အံ့သြမိတယ် သိလား၊ အချစ်ဟာလူတွေကို ဒီလောက်တောင် ရူးသွပ်စေတာပါလားလို့၊ မေ ကြိုက်တာလုပ်၊ ကြိုက်သလိုနေပါ၊ မေ့အနားမှာ ငယ်ရှိတယ်၊ ဒါပေမဲ့ အရေးလည်း မပါ၊ ဘာမှလည်း မဟုတ်တဲ့ကောင်အတွက်တော့ ကိုယ့်ကိုယ်ကိုယ် မနှိပ်စက်ပါနဲ့တော့ မေရယ်၊ ချက်ထားတဲ့ဟာတွေလည်း မစားဘူး။ အိပ်လည်း မအိပ်ဘူး"

မေ အိပ်ပါတယ် ငယ်ရဲ့"

"ဘယ်မှာ အိပ်လဲ၊ မေ့မျက်လုံးတွေက သက်သေပဲလေ" "အင်းပါ အိပ်ပါ့မယ်"

"ငယ် အလုပ်သွားတော့မယ်၊ ထပြီး မနက်စာစားနော်၊ ပြီးမှပြန်အိပ်

"အင်းပါ... ဂရုစိုက် ငယ်"

အင်းပါလို့သာ ပြောလိုက်ရတာ ကျွန်မစိတ်မှာ ဘာမှ မစားချင်၊ ထလည်း မထချင်။ အခုလို တစ်ယောက်ထဲ အဆောင်မှာ ရှိနေခဲ့တဲ့အချိန်ဆို အရူးလိုပါပဲ။ ရှေ့မှာ ဆူညံသံကြားတိုင်း ချောင်းကြည့် နေမိခဲ့တယ်။ ရန်လာတွေ့နေပြီလား အစ်ကိုတို့ ရန်ဖြစ်နေကြမလား ဆိုပြီးတော့ပေါ့။ Active Now ဖြစ်နေတဲ့ အစ်ကို့ viberကို အချိန်ပြည့်ထိုင်ကြည့်နေမိခဲ့တယ်။ အစ်ကို ဘာလို့ စာမပို့တာလဲဟင်အကျိုးအကြောင်းလေးတော့ ပြောသင့်တယ်ဟုတ်လား ။

အစ်ကိုရဲ့ပုံကိုကြည့်ပြီး စကားတွေ ပြောနေမိပြန်တယ်။ "စထဲက ငါ စခဲ့ရတာ၊ ဆက်သွယ်တော့လည်း ငါပဲ၊ ချစ်ခဲ့ တာလည်း ငါပဲ၊ နာကျင်တော့လည်း ငါပဲ၊ သူ ဘယ်တုန်းက ငါ့ကို နွေးထွေးစေခဲ့လို့လဲ၊ ဘာများကောင်းလို့လဲ ငါ့အပေါ်...ဟင်၊ နင်ဘာတွေကို မက်မောနေတာလဲ""

"မင်းချစ်ချစ် မချစ်ချစ် ကိုယ်ကတော့ မင်းကိုသေတဲ့အထိ ချစ်သွားမှာပဲ"

အား...မကြားချင်ဘူး၊ မကြားချင်ဘူး၊ မပြောပါနဲ့တော့ အစ်ကိုရယ်"

အစ်ကို့ကိုမုန်းဖို့ အားမွေးပေမယ့် ကျွန်မနားထဲ အဲဒီစကား သံတွေ ထပ်ဖန်တလဲလဲ ပြန်ကြားနေမိခဲ့တယ်။

"လွတ်မြောက်ပါရစေတော့ အစ်ကိုရယ်၊ ငါ လွတ်လပ် ပါရစေတော့"

စိတ်တွေရှုပ်ထွေးပြီး အရူးတစ်ယောက်လို နေ့တိုင်းအခန်းထဲပဲ ငိုနေမိခဲ့တယ်။ အစ်ကိုက viber မသုံးတော့ဘူးထင်တယ်။ Active Now လည်း မတွေ့ရတော့ဘူး။

"ငယ်၊ မေလေ အစ်ကိုအဆင်ပြေရဲ့လားသိချင်တယ်၊ viber သုံး၊ မသုံးရောပဲ၊ ပြီးတော့ အသံလည်း ကြားချင်တယ် ငယ်ရယ်၊ မေ ရူးတော့မယ်၊ သူအဆင်ပြေရဲ့လား သိချင်တယ်၊ တစ်ခါလောက် ကူညီပါလား" "

"မေသာ အဆင်ပြေအောင် အရင်နေပါ မေရာ၊ အခုက "ငယ် သူ့ကို ဖုန်းဆက်ပေးလို့ရမလား၊ ပစ္စည်းတစ်ခုခု မေးပြီးတော့လေ။ လုပ်ပါငယ်ရယ်နော်၊ viber သုံးလား၊ ပုံပို့ပေးမယ်

ဆိုပြီးတော့လေနော် ငယ် နော်လို့၊ ဒီတစ်ခါပါပဲ ငယ်ရယ်နော်" သူသာ ငြင်းရင် ကျွန်မ ငိုတော့မယ်ဆိုတာသိလို့ ငယ့်မှာမငြင်းသာ။

"ဟလို...အစ်ကို၊ သီတင်းကျွတ်မှာ သုံးတဲ့ မီးတွဲလေးတွေ ရှိလား" "ညီမက ဘယ်လိုမျိုး လိုချင်တာလဲ"

““ပုံပြပေးရမလား၊ viber သုံးလား”“ဟမ်”

“viber သုံးလားလို့”

“အင်း…သုံးတယ်၊ ပို့လိုက်လေ” -

ငယ် ဖုန်းချလိုက်ပြီး

“ရပြီဟုတ်လား၊ viber သုံးတယ်တဲ့လေ”

“အဲ့ဆို Active Now ဖျောက်ထားတာပေါ့နော်”

Active Nowလေးတောင် ဖျောက်ထားသတဲ့လား အစ်ကိုရယ်။“မေ့ကို မမြင်ချင်လို့ ဖြစ်မှာပေါ့”

“ခုနက အသံဖမ်းထားတယ်မလားဟင်၊ မေ့ကို ပို့ပေး “မေရယ်”“ဘာလုပ်မလို့လဲ

မေ“နားထောင်နေချင်လို့ ..

အိပ်ရာထဲ အစ်ကို့အသံကို ထပ်ကာတလဲလဲ နားထောင် နေမိတယ်။ တစ်ခါတလေလည်း အစ်ကို့ဆိုင်ကို ခိုးကြည့်မိခဲ့တယ်။ အစ်ကိုက ကျွန်မတို့အဆောင်ဘက်သို့ အမြဲကျောပေးလျက်။ အစ်ကိုက ဘယ်လိုလူမျိုးလဲ၊ သူ ကျွန်မကို ချစ်တယ်ဆို၊ ဖြတ်သွားတော့လည်း တိခနဲပါပဲလား။ အချစ်ဟာ ဒီလိုလည်း အပျက်လွယ်သေးလား။

တံခါးဖွင့်လိုက်ချိန် အမှတ်မထင် အစ်ကိုနဲ့ အကြည့်ဆုံသွားခဲ့တယ်။ ကျွန်မက အသားရောင်လေးဝတ်ထားတဲ့နေ့၊ တိုက်တိုက် ဆိုင်ဆိုင်ပါပဲ အစ်ကိုလည်း အသားရောင်ဝတ်ထားတယ်။ ဒါပေမဲ့ ပြတင်းတံခါးကို ဆောင့်ပြီး ပြန်ပိတ်ချပစ်လိုက်တယ်။ ‘လူလိမ် သူ့ကို ငါဆက်ငေးရင် ငါနာကျင်ရလိမ့်မယ်၊ အလကား ငါ့ကို ကစားနေတဲ့လူ” လို့တွေးပြီး မပြတ်မသားစိတ်ကလေးနဲ့ မာန်တင်းပြတ်သား လိုက်မိသေးတယ်။

နေ့လယ်ထမင်းစားချိန် တံခါးဖွင့်မိလိုက်ပြန်တော့ စိတ်မ တင်းထားပေမယ့် အခုမြင်ကွင်းဟာ စိတ်ရော နှလုံးသားကိုပါ အ စိတ်အမွှမွှ ဖြစ်စေခဲ့တယ်။ အစ်ကို ကျွန်မအခန်းကို ငေးမှိုင်စွာ ကြည့် နေခဲ့တယ်။ အစ်ကို ပြောစရာတွေ ရှိလိမ့်မယ်။ သူ့မျက်ဝန်းတွေ၊ သူ့မျက်ဝန်းညိုတွေမှာလည်း နာကျင်မှုတွေနဲ့။

“အို မကြားချင်ပါနဲ့တော့

မမြင်ချင်ပါနဲ့တော့ မေရယ်” တစ်ခဏလေးတောင် ကျွန်မကို မလွှမ်းပါနဲ့။ အဲဒီအမျိုးသမီး လက်ကိုဆွဲပြီး ကျွန်မကိုသတိမရပါနဲ့ အစ်ကိုရယ်။ ကောင်းမယ်ထင်လို့ အစ်ကိုက စရက်စက်ခဲ့ပြီးပြီပဲ။ အစ်ကို့ရွေးချယ်မှုပဲလေ။ ဖြစ်ခဲ့ကြတဲ့ အတိတ်ကို အတိတ်မှာ ထားခဲ့လိုက်ပါတော့။ နောင်တနဲ့ မရှင်သန်ပါ နဲ့တော့၊ အစ်ကိုမှန်ပါတယ်။ အစ်ကို့ရွေးချယ်မှု မှန်ခဲ့ပါတယ်။

အစ်ကို ဘယ်လိုအရာနဲ့ ရင်ဆိုင်နေရလဲဆိုတာကျွန်မ မသိဘူး။ ကျွန်မ ဘယ်လိုရင်ဆိုင်နေရမလဲ၊ ဘယ်လောက်နာကျင်နေလည်းဆိုတာလဲ အစ်ကို မသိဘူး။ ရှိပါစေတော့၊ နေပါစေတော့ အစ်ကိုရယ်။ အစ်ကို ရွေးတဲ့လမ်းမှာ သုံးယောက်လုံးဟာ အပြီးအလဲပါပဲ။ ကျွန်မက ရှုံးသူလား၊ နိုင်သူလား မသိပေမယ့် အသေချာဆုံးကတော့ အပြီးလဲ ခံရဆုံးပါ။ ကျေနပ်ပါတယ်။ အစ်ကို့ဆုံးဖြတ်ချက်အတိုင်းမို့ ကျေနပ် လိုက်ပါ့မယ်။ ပျော်အောင်နေပါ နာကျင်ရတာနဲ့ လမ်းခွဲလိုက်ရတာနဲ့

တန်အောင် ပျော်ပျော်နေပေးပါ။ ကိုယ့်ဘဝနဲ့ ကိုယ်မို့ လွတ်လပ်စွာပျံသန်းပါတော့ အစ်ကိုရယ်။ အချိန်ဘယ်လောက်ကြာခဲ့လဲ ကျွန်မ မသိ။ အဲဒီ မျက်ဝန်းညိုတွေကို ငေးပြီး စကားတွေ ပြောနေမိတယ်။ သူလည်း ကျွန်မကို စကားတွေ ပြောနေလိမ့်မယ်။ ကျွန်မက စ အကြည့်ကို လွှဲပစ်ပြီး တံခါးကို ပြန်ပိတ်လိုက်တယ်။ ကျွန်မကို မချည်ပါနဲ့တော့၊ ထပ်မချည်ပါနဲ့တော့ အစ်ကိုရယ်၊ တံခါးဝမှာတင် အားရပါးရ ငိုချလိုက်မိတယ်။

ဒီမျက်ရည်တွေဟာ နောက်ဆုံး ဖြစ်ပါရစေ။ စားပွဲပေါ်မှာတင်ထားတဲ့ စာအုပ်ကလေးကို သေတ္တာထဲ ထည့်ပိတ်ပစ်လိုက်တယ်။ မပေးဖြစ်တော့တဲ့ အဲဒီပစ္စည်းလေးကိုရောပေါ့။

အပိုင်း (၆)

ဆုပ်လည်းဆူး စားလည်းရူး

ငယ့်သဘောအတိုင်း ငယ်နဲ့အတူ အဆောင်ပြောင်းနေခဲ့တယ်။ အဆောင်ပြောင်းတဲ့အပြင် ကျွန်မက အလုပ်ပါပြောင်းလိုက်ပြီး အချိန်ပိုင်းမလုပ်တော့ဘဲ အချိန်ပြည့်ကိုသာ ကျွန်မ လုပ်တော့တယ်။ ""ငယ်ရေ၊ မေသွားပြီနော်၊ မနက်စာပြင်ခဲ့တယ်" အင်း..အင်း၊ မေ ဂရုစိုက်ဦး"

"ရေချိုးခန်းထဲက ငယ်ပြန်ဖြေတယ်၊ ကျွန်မက ငယ့်အရင်သွား ရတယ်။ ညနေကျ ငယ့်အရင်ပြန်ရောက်ပြီး မနက်စာရော ညစာရော ကျွန်မ လုပ်ပေးဖြစ်တယ်။ ငယ်က ကျွန်မလက်ရာကို ကြိုက်တယ်လေ။ "သိပ်စားလို့ကောင်းတာပဲ မေရယ်၊ မေ အိမ်ထောင်ကျရင် ယောကျ်ားက ခွာမှာကို မဟုတ်ဘူး၊ ဟင်းချက်ကောင်းလို့ သူ့မိန်းမ လက်ရာပဲ စားချင်တာဆိုပြီးလေ ဟား ဟား"

ငယ် ရယ်လိုက်တော့ ပါးပေါ်က ပါးချိုင့်လေးက ထင်းလို့၊ "မေက ယောကျ်ားမယူတော့ဘူး၊ ဒီအတိုင်းပဲနေတော့မှာ" "ဟာ---ပေါက်ကရ၊ ယူရမှာ အဲ့မှ အဲ့အရသာကို ခံစားရမှာ အဟီး"

"ဟာ---ငယ်ကလည်း ညစ်ပတ်ပြီ "ဟားဟားဟား ဟင်းအရသာပြောတာပါ"

ဟား"

ထမင်းစားရင်း အတူတူ ရယ်မောနေခဲ့ကြတယ်။

"ငယ်၊ မနက်ဖြန်မွေးနေ့မှာ မေဘုရားသွားချင်တယ်"

"သွားလေ၊ ငယ်လည်း အလုပ်ခွင့်ယူထားတယ်" "ဟာ...ချစ်လိုက်တာကွာ"" "စောစောအိပ်ဦး၊ မနက်ကျ စောစောသွားမှာဆိုတော့" "ဟုတ်၊ ဩော် ဘာလိုလိုနဲ့ အသက် နှစ်ဆယ့်ခြောက်နှစ် တောင်ရောက်ပြီ"

"အင်းလေ ယောကျာ်းယူရမယ့်အရွယ် ရောက်ပြီလေ" "ဟာ...အပျိုကြီးလုပ်မှာပါဆို၊ တော်ပြီ အိပ်တော့မယ်" ကျွန်မ အိပ်သွားပေမယ့် ငယ်က အလုပ်ရှုပ်နေသေး။

"မေလား၊ မေဟုတ်လား...ဟင်" အမျိုးသားတစ်ဦးရဲ့ အသံကြောင့် ကျွန်မ လှည့်ကြည့်လိုက်မိတယ်။

"ဟင်..အစ်ကို" အစ်ကို့မျက်ဝန်းတွေမှာ ဝမ်းနည်းမှုတွေနဲ့၊ အစ်ကို ကျွန်မကို သိုင်းဖက်လိုက်တယ်။ အစ်ကို့ဆီက နွေးထွေးမှု၊ ကျွန်မ မရခဲ့ရတဲ့ အစ်ကို့ရင်မှနွေးထွေးမှုပဲ။ အဲဒီနွေးထွေးမှုကို ကျွန်မ ခံစားလိုက်ရ တယ်။

"Happy birthday to you..."

ကျွန်မ လန့်နိုးသွားပြီး-

Happy birthday ပါ ငယ့်ရဲ့ မေ

ငယ်က အဆိုမပြတ်။

"Happy birthday to you....ရေး"

အစ်ကို့ဆီက နွေးထွေးမှုဟာ အိပ်မက်သာ ဖြစ်ခဲ့တယ်"ညကြီးမိုးချုပ် ငယ်ရေ၊ သူများတွေ နိုးကုန်ပါဦးမယ်"

"ဟီးဟီး၊ နိုးနိုးပေါ့ မွေးနေ့မို့လို့ပဲဟာကို"

“ကဲကဲ မီးမှုတ်”ဖူး.........

“ရေးကိတ်ကလေး နည်းနည်းစားပြီးသိမ်းလိုက်ပါတော့ ငယ်၊ညဘက် အများကြီးစားရင်မကောင်းဘူး” “အင်းပါ ငယ်လည်း ပြောမလို့၊ မနက်မှ ကော်ဖီနဲ့သောက်ကြမယ်”

ငယ်သိမ်းဆည်းပြီး အိပ်ရာထဲဝင် အိပ်ပျော်သွားတဲ့အထိ ကျွန်မ အိပ်မပျော်ခဲ့၊ အစ်ကို ကျွန်မကို သတိရနေတာလား၊ အဆင်ရော ပြေရဲ့လား၊ နေမှကောင်းရဲ့လားမသိ။ အို...မတွေးတော့ပါဘူးလေ၊ သူ့အကြောင်းတရားနဲ့ သူပါပဲ။ အိပ်မရတာနဲ့ ကံငါးပါးအကြောင်းစာကလေး ဖတ်မိလိုက်တယ်။

ငါးပါးသီလအင်္ဂါများ

ကံ ထိုက်၊ မထိုက် ကိုယ်တိုင်ဆုံးဖြတ်နိုင်ရန် ဝေမျှလိုက်ပါသည်။

၁။ ပါဏာတိပါတအင်္ဂါ

၁။ ဝင်သက်၊ ထွက်သက် ရှိသော သတ္တဝါ ၊

၂။ သတ္တဝါဟူသော အမှတ်သညာရှိခြင်း၊(သတ္တဝါဟုသိခြင်း)

၃။ သတ်လိုသော စိတ်ရှိခြင်း၊

၄။ လုံ့လပြုခြင်း၊

၅။ သေသွားခြင်း ဟူသော အင်္ဂါ ငါးချက်နှင့် ကိုက်ညီလျှင် ပါဏာတိပါတကံထိုက်ပါသည်။ မညီလျှင် ကံမထိုက်ပါ။

၂။ အဒိန္နာဒါနအင်္ဂါ

၁။ သူတစ်ပါးဥစ္စာ ဖြစ်ခြင်း၊

၂။ သူတစ်ပါးဥစ္စာဟု သိခြင်း၊

၃။ ခိုးယူလိုသော စိတ်ရှိခြင်း၊

၄။ ခိုးယူကြောင်းဖြစ်သော ကိုယ်မှု၊ နှုတ်မှု လုံ့လ တစ်ခုခု ကိုပြုခြင်း၊

၅။ ခိုးယူခြင်း ဟူသော အင်္ဂါ ငါးချက်နှင့် ကိုက်ညီလျှင် အဒိန္န ၁ဒါနကံထိုက်ပါသည်။ မညီလျှင် ကံမထိုက်ပါ။

၃။ ကာမေသုမိစ္ဆာစာရအင်္ဂါ

၁။ မသွားလာအပ်သော မိန်းမ ၂၀ ဖြစ်ခြင်း၊

၂။ ထိုမိန်းမ၌ မှီဝဲလိုစိတ်ရှိခြင်း၊

၃။ လုံ့လပြုခြင်း၊

၄။ သာယာခြင်း ဟူသောအင်္ဂါ လေးချက်နှင့် ကိုက်ညီလျှင် ကာမေသုမိစ္ဆာစာရကံထိုက်ပါသည်။ မညီလျှင် ကံမထိုက်ပါ။

မသွားလာအပ်သော မိန်းမ ၂၀

၁။ အမိအုပ်ထိန်းသော မိန်းမ၊

၂။ အဖအုပ်ထိန်းသော မိန်းမ၊

၃။ မိဘ နှစ်ပါးအုပ်ထိန်းသော မိန်းမ၊

၄။ မောင်ကြီး၊ မောင်ငယ် အုပ်ထိန်းသော မိန်းမ၊

၅။ အစ်မကြီး၊ အစ်မငယ် အုပ်ထိန်းသော မိန်းမ၊

၆။ ဆွေမျိုးအုပ်ထိန်းသော မိန်းမ၊

၇။ အနွယ်တူအုပ်ထိန်းသော မိန်းမ၊

၈။ သီတင်းသုံးဖော်အုပ်ထိန်းသော မိန်းမ။

မှတ်ချက်။ ။ အထက်ပါ ရှစ်ယောက်သော မိန်းမတို့ကား သူတို့မှာ ကံမထိုက်ဘဲ သွားလာလွန်ကျူးသူ ယောက်ျားများမှာသာကံထိုက်သည် ဟူ၏။

၉။ ထိမ်းမြားကြောင်းလမ်းပြီးသူ၊ လက်ထပ်ပြီးသူ လင်အုပ် သောမိန်းမ၊
၁၀။ မင်းတို့ ကောက်ယူရန် သတ်မှတ်လျက် ဒဏ်ထားပြီးလျှင်အုပ်ထိန်းသော မိန်းမ၊
၁၁။ ဥစ္စာဖြင့် ဝယ်ယူလျက် မယားအဖြစ်ထားသော မိန်းမ၊
၁၂။ သဘောတူ အလိုတူ၍နေသော မိန်းမ၊
၁၃။ စည်းစိမ်ပေး၍ ပေါင်းဖော်သော မိန်းမ၊
၁၄။ ပုဆိုးပေး၍ ပုဆိုးတန်းတင်ပြု၍နေသော မိန်းမ၊ ၁၅။ ရေခွက်၌ လက်ဆုံချ၍ မိဘနှစ်ပါး ထိမ်းမြားပေးသောမိန်းမ၊
၁၆။ ခေါင်းခုကို ချ၍ လင်မယားအဖြစ်နေသော မိန်းမ၊ ၁၇။ ကျွန်လည်းဖြစ်၊ မယားလည်း ဖြစ်သော မိန်းမ၊ ၁၈။ အမှုလုပ်လည်းဖြစ်၊ မယားလည်းဖြစ်သော မိန်းမ၊ ၁၉။ စစ်မြေပြင်မှ ဆောင်ယူခဲ့သော မိန်းမ၊
၂၀။ တစ်ခဏမျှ ပေါင်းဖေါ်ရန် ငှားရမ်းထားသော ခေတ္တမယားဖြစ်သူ မိန်းမ။

မှတ်ချက်။ ။ ဖော်ပြပါ ၁၂ ယောက်သော မိန်းမများကို သွားလာလွန်ကျူးခဲ့ပါမူ လင်ရှိမယားဖြစ်၍ မိန်းမရော၊ ယောက်ျားပါ နှစ်ဦးစလုံး ကံထိုက်သည်ဟူ၏။

၄။ မုသာဝါဒအင်္ဂါ မဟုတ်မမှန်သောအကြောင်း ဖြစ်ခြင်း၊

၁။ မဟုတ်မမှန်သော အကြောင်းဖြစ်ခြင်း
၂။ မဟုတ်မမှန် ပြောလိုစိတ်ရှိခြင်း၊
၃။ ပြောလည်း ပြောခြင်း၊
၄။ လိမ်ညာသည့်အတိုင်း တစ်ဖက်ကသိခြင်း - ဟူသော အင်္ဂါ လေးချက်နှင့် ကိုက်ညီလျှင် မုသာဝါဒကံထိုက်ပါသည်။ မညီလျှင် ကံမထိုက်ပါ။

၅။ သုရာမေရယအင်္ဂါ

၁။ သုရာ စသော တစ်ပါးပါး ဖြစ်ခြင်း၊
၂။ သောက်လိုသော စိတ်ရှိခြင်း၊
၃။ သောက်ဖြစ်အောင် လုံ့လပြုခြင်း၊
၄။ သောက်ခြင်း ဟူသော အင်္ဂါ လေးချက်နှင့် ကိုက်ညီသုရာမေရယကံထိုက်ပါသည်။ မညီလျှင် ကံမထိုက်ပါ။ တန်ဖိုးရှိလိုက်တာ သိပ်ဖတ်လို့ကောင်းတာပဲ။ အဓိက အရင်းခံကတော့ စိတ်ပေါ့။

သေစေလိုတဲ့စိတ်

ပျက်စီးလိုတဲ့စိတ်
ခိုးလိုတဲ့စိတ်
-သောက်လိုတဲ့စိတ်တွေ ရှိမှသာလျှင် ကံဟာ ကျူးလွန်ရာ ရောက်တယ်တဲ့။
Postအောက်မှ comments များစွာထဲကcomment တစ်ခုဟာနေ့ရက်ပေါင်းများစွာ ကျွန်မကိုယ့်ကိုယ်ကိုယ်မေးဖူးခဲ့တဲ့ မေးခွန်း တစ်ခုပဲ။ အဲဒီမေးခွန်းက "မိန်းမပျိုတစ်ဦးဟာ အိမ်ထောင်ရှိအမျိုးသား တစ်ယောက်နဲ့ ကျူးလွန်ခဲ့မိရင်ရော ကာမေသုမိစ္ဆာစာရကံထိုက်ပါသလားဘုရား" အပျို"ကတော့ ကာမေသုမမြောက်ပါဘူး၊ ဘာလို့လဲဆိုတော့ ကာမပိုင်မရှိသေးလို့ မိမိကာမ မိမိပိုင်သောကြောင့်ဖြစ်တယ်။' အကယ်လို့ ထိုအပျိုအမျိုးသမီးက စေတနာဆိုးနဲ့ ထိုလင်မယားနှစ်ယောက်ကို ကွဲပြားလိုစိတ်နဲ့ ဝင်ရှုပ်ခဲ့ရင်တောင် ကံ မမြောက်ပေမယ့် စေတနာဆိုးကြောင့် အပါယ်ငရဲကို လားနိုင်ပါတယ်။
(ဘာလို့ဆို တချို့နေရာမှာ ကံမြောက်တိုင်း အကုသိုလ်အပြစ် မကြီးသလို အကုသိုလ်အပြစ်ကြီးတိုင်းလည်း ကံမမြောက်ဘူး။ ဥပမာ ခြင်နဲ့ဆင်ကို စေတနာဆိုးနဲ့ သတ်မိရာ၌ ပါဏာတိပါတာ မြောက်သည့်... တိုင်အောင် အပြစ်အကြီး အသေး ကွာသလိုမျိုးပေါ့။)
အဖြေဟာ သိပ်ကောင်းလွန်းလှတယ်။ ကျွန်မစိတ်မှာ မ မကျဖြစ်နေခဲ့တဲ့ ကံတစ်ပါးအကြောင်း သေသေချာချာ သိလိုက်ရ တယ်။
မနက် ၁:၄၂ မိနစ်မှာ မေ့ခနဲအိပ်ပျော်သွားချိန် မက်စ်ဆေ့ဝင်လာတယ်။
"ဟင်....မေ့ဖုန်းလား" အိပ်ချင်မူးတူးနဲ့ ငယ့်အသံလေးက သိပ်ချစ်စရာကောင်းလှ တယ်။
"အင်း... ငယ့်ဘက်မှာလေ"" ငယ်က ဖုန်းကို စားပွဲပေါ်မှာ လိုက်စမ်းနေပြီး ခဏငြိမ်သွားတယ်။
ပေးလေ ငယ်၊ မေ့ ဖုန်းဟုတ်လား"
"ဟင် ဒီချိန်ကြီး ဘယ်သူတုံး"
"ဟင်"
"Happy birthday တဲ့"
ကျွန်မ လှမ်းယူလိုက်တယ် အရင်လိုအဆက်သွယ်မရှိ။ မခေါ် မပြောဖြစ်တော့ပေမယ့် သိမ်းထားဆဲဖြစ်တဲ့ နံပါတ်လေးဆီက မြင်လိုက်ရတယ်။ • Happy birthday ...ပျော်ရွှင်ပါစေ ကလေးရယ်၊ လက်ဆောင်ကတော့ သတိရခြင်းတွေပါပဲ...
ရင်ထဲ စူးခနဲ ဖြစ်သွားလို့ လက်နဲ့ ဖိထားလိုက်ပြီး ထထိုင် လိုက်ကာ အသက်ရှူရပ်မသွားအောင် လေကိုရှူသွင်းရှုထုတ် ခပ်ပြင်းပြင်း လုပ်နေခဲ့ရတယ်။
"ဘာလို့လဲ၊ ဘာကြောင့် ငါ့ကို နှိပ်စက်နေရတာလဲ အစ်ကိုရယ်••
"မငိုနဲ့ နော်၊ မေ မငိုလိုက်နဲ့ မွေးနေ့ကြီးမှာ" အဆက်မပြတ် မျက်ရည်တွေကျလျက်။

"ငယ်... ငယ်သိလား၊ အစ်ကိုက မေ့ကို သေစေမယ့် တစ်ဦးတည်းသော သူပဲ၊ အဆုံးမှာ သူ မေ့ကို သတ်လိမ့်မယ်၊ သူ့ စိတ်နဲ့ မေသေရလိမ့်မယ် ငယ်ရယ်"

"ငယ် တွေးနေတာ၊ အချိန်တွေ ဒီလောက်ကြာနေပြီ၊ သူ ဘာလို့ ဒါကို ပို့လာရသလဲ၊ ဘာကြောင့်လဲ ဘာသဘောလဲ"

သူ သူ မေ့ကို...."“ချစ်နေသေးတာလို့ မပြောနဲ့ မေ ကျွန်မစကားမဆုံးခင် ငယ် ဖြတ်ပြောလိုက်ပြီးသူ ချစ်နေရင် အစထဲက "တော်ပါတော့၊ အဲ့အကြောင်းတွေ မပြောချင်တော့ပါဘူး ငယ်ရယ်ထားလိုက်ပါတော့၊

မေ အိပ်တော့မယ် ငယ်ရယ်" ဆိုပြီး လှဲလိုက်ပေမယ့် ငယ်အိပ်သွားတဲ့အထိ ကျွန်မ အိပ် ပျော်သေး။ အစ်ကို့အကြောင်းတွေ ဆက်တွေးနေမိတယ်။ အစ်ကိုအဆင်မှပြေရဲ့လားမသိ။ကွမ်းတွေ စားသေးလား။ နေပူ မိုးရွာရင်အဆောင်းပါရဲ့လား။ စက်ဘီးကို အရင်လို အလောတကြီးနင်းသေးလား။ ထမင်းမှအချိန်မှန် စားရဲ့လား တွေးနေရင်း မိုးလင်းခါနီးမှ မှေးခနဲ အိပ်ပျော်သွားခဲ့တယ်။

ငယ်က ကျွန်မအရင်နိုးနှင့်ပြီး–

"မနက်စာပြင်ထားတယ် မေ၊ စားကြမယ်၊ လာ" "ဟုတ်

ရေချိုး၊ မနက်စာစားပြီး ကားဂိတ်မှာ ငယ်နဲ့အတူကားစောင့် နေတဲ့အချိန် ကျွန်မကိုသာ စူးစူးစိုက်စိုက်ကြည့်နေပြီး ကားလမ်းကို ဖြတ်လျှောက်လာတဲ့ အစ်ကို့ကို တွေ့လိုက်ရတယ်။

"ကားတွေရှုပ်နေတာ တိုက်မိကုန်တော့မှာပဲ အစ်ကိုရယ်" ဆိုပြီး နှုတ်က–"အစ်ကို..."

ကျယ်လောင်တဲ့ အသံနဲ့အတူ ကျွန်မကို ဆွဲထားတဲ့ ငယ့်လက်ကို ခါပစ်ပြီး ကားလမ်းဆီ ပြေးသွားလိုက်တယ်။ ကားတွေထိုးရပ် သွားပြီး –

ဟယ်တော် မေ့ အမယ်လေး"

ငယ့်ဆီက အော်ခေါ်နေသံတွေ ကြားရတယ်။ ပြီးတော့ ကားသမားတွေရဲ့ အော်သံ၊ ဆဲသံ။

"မေ ဘာဖြစ်သွားသေးလဲ ဟင် မေ

"အစ်ကို .... အစ်ကို့ကို မေ တွေ့လိုက်တယ် ငယ်" "ကားလမ်းအလယ်ကြီးမှာ ဘယ်သူရှိမှာလဲ မေရဲ့၊ စိတ်ထင်နေတာပါ၊ လာပါ လာပါ မေရယ်၊ ဘယ်သူမှမရှိပါဘူး"

"ဘာဖြစ်သွားသေးလဲ တူမ"

"ဘာမှ မဖြစ်ဘူး ရတယ် ဦးလေး၊ ရတယ် ရတယ်၊ နည်းနည်းလန့်သွားတာ"

ငယ်ပြန်ဖြေလိုက်ပြီး ကားလမ်းမပေါ်မှာ ကျွန်မငိုသံတွေ ဆူညံခဲ့ပြန်တယ်။

ဘုရားရောက်တော့ ငယ်က ပရိတ်ကြီး (၁၁)သုတ်ရွတ်နေတယ်။ ငယ့်အသံကို ကြားနေရပေမယ့် မျက်လုံးထဲ အစ်ကိုပုံရိပ်တွေပဲ မြင် နေခဲ့တယ်။ ငယ့်မှာ ကျွန်မကို တစ်ခုခု ပြောစရာရှိပုံရတယ်။ သိပ်မကြာဘူး–

"မေ၊ ငယ်ပြောစရာရှိတယ် "အင်း... ပြောလေ ငယ်"

“ငယ် နောက်လကျရင် နယ်ဘက်ကို တာဝန်ကျတယ်၊ တစ်နှစ်လောက်ကြာမယ်ပြောတာပဲ၊ ကြိုသိထားတာပါ၊ အဲ့ကိုမသွားရဖို့ လူအလဲတွေရော၊ နှစ်ချိန်းတာရော အကုန် ကြိုးစားပြီးပြီ မရဘူး” သြော်.. ငယ်လည်း ကျွန်မကို ထားခဲ့ဦးမယ်တဲ့။ ကျွန်မ အစ်ကိုအတွက် အလူးအလဲ သေမတတ်ဖြစ်နေတဲ့အချိန်မှာ ငယ်ရှိနေလို့ ကျွန်မ ဖြေသာခဲ့ရတာ။

“မေ၊ ငယ်ပြောတာ ကြားလား” “အင်း…ကြားပါတယ်”

“ဒီပုံစံနဲ့ စိတ်တော့ မချပါဘူး မေရယ်၊ အဆင်မပြေရင် တော့ ငယ်က အလုပ်ထွက်လိုက်မှာ

“မလုပ်ပါနဲ့ငယ်ရယ်၊ တစ်နှစ်ဆိုတာ ခဏလေးပါ၊ နေ့တိုင်း ဖုန်းဆက်ကြမယ်လေ” လေနော်”

“ကြားထဲ ပိတ်ရက်များရင်လည်း ပြန်လာခဲ့မယ်ငယ့်အသံက တုန်ရီနေတယ်။ ဒီလိုပဲ ကျွန်မအသံမှာလည်း

ငိုသံပါနေခဲ့တယ်။ ““အင်းပါ”

အဲဒီနေ့က ကားဂိတ်မှာ ငယ့်ကို လိုက်ပို့ရင်း ငယ်ရော၊ ကျွန်မရော ငိုခဲ့ရသေး။

ငယ်က မှာခဲ့တယ်။

“ငယ့်ကို လွမ်းလို့ပဲ ငိုနော်၊ ဟိုကောင့်ကို လွမ်းလို့ မငိုနဲ့”

“သတိလေး ဘာလေး အမြဲထား ၊ ကျန်းမာရေး ဂရုစိုက် သိလားမေ

“ဟုတ်ကဲ့ ဟုတ်ကဲ့ပါ ငယ်”

ငယ် ကားပေါ်တက်သွားပြီ၊ တစ်ချက်တောင် လှည့်မကြည့်။ ကျွန်မ သိနေတယ် ငယ် ငိုနေမယ်ဆိုတာ။

အဲဒီနှစ် နွေဟာလည်း ကျွန်မ ရင်ကို ပိုပူစေခဲ့တယ်။ ငယ် မရှိတဲ့နောက်ပိုင်း အမေ့အိမ်သာ ပြန်နေဖြစ်ခဲ့တယ်။ ငယ်နဲ့ နေ့တိုင်း စကားပြောဖြစ်ပြီး အစ်ကို့ကိုလည်း နေ့တိုင်း လွမ်းမိနေသေးတယ်။ လအနည်းငယ်ကြာတော့ ငယ် အိမ်ထောင်ပြုတော့မယ်လို့ သတင်းကြား ရတယ်။

“ငယ် တောင်းပန်ပါတယ် မေ”

“ရပါတယ် ငယ်ရဲ့၊ မေ အဆင်ပြေပါတယ်၊ အဲ့မှာပဲ နေတော့မှာလား”

““အင်း”

“အင်းပါ၊ မင်္ဂလာဆောင်ကျ မေ လာခဲ့မယ်နော်” “မေ့၊ ငယ့်ကို ကတိပျက်သူလို့ ထင်နေပြီလားဟင်” “မထင်ပါဘူး ငယ်ရယ်၊ ငယ်ပြောဖူးတယ်လေ၊ ငယ်နဲ့မေက အတူတူပဲဆို၊ ငယ်ပျော်ရင် မေပျော်ပါတယ်၊ မေလည်း ယူမှာ ”ပဲလေ

စနောက်ကာ ပြောလိုက်မှ သူရယ်မောသွားတယ်။ တောင်ကြီးကို ငယ့်မင်္ဂလာပွဲကြောင့် သွားရင်း အလည်အပတ် တစ်လလောက်ကြာခဲ့တယ်။

မေ၊ ငယ် မေးစရာရှိတယ်”

“အင်း…မေးလေ”

“မေ သူ့ကို မေ့ပြီလား”

"ဟင့်အင်း"လို့ ဖြေလိုက်ရင် ငယ့်အပြုံးတွေ သေချာပေါက် ပျောက်သွားလိမ့်မယ်။

"မေ့ပြီပေါ့ ငယ်ရယ်၊ ဘယ်လောက်ကြာနေပြီလဲ၊ နှစ်နှစ် လောက်တောင်ရှိနေပြီ"

ဆိုပြီး မသေမချာ ပြောလိုက်ပေမယ့် အစ်ကိုနဲ့ ကျွန်မ အဆက်အသွယ်မရှိတာ ရက်ပေါင်း ၆၄၉ ရက် ရှိခဲ့ပြီ။

"မေလည်း ငယ့်လိုပဲ ယူမှာ၊ တစ်နှစ်ပဲစောင့် သိလား ဟား ဟားဟားဟား ..

အားရပါးရ အတူတူရယ်မောလိုက်ကြတယ်။ ငယ့်အမျိုးသားက နဲ့လည်း လိုက်ဖက်တယ်။

ငယ့်ထက် အရပ်ပိုရှည်ပြီး ငယ်တောင်ကြီးကအပြန် ကားပေါ်မှာ တွေးနေမိသေး။ ငယ်ပါ ကျွန်မဘဝထဲက ထွက်သွားတာ သေချာပြီ။ဘဝဟာ ခြောက်သွေ့လွန်း လှတယ်။ အလုပ်သွား၊ အလုပ်ပြန် ငယ့်ကို မတွေ့ရတော့ဘူး။ ငယ့် အသံလေးတွေလည်း မကြားရတော့ဘူး။ အစ်ကို့ကိုလွမ်းလို့ ငိုတဲ့ညတွေမှာ နှစ်သိမ့်ပေးတတ်တဲ့ ငယ့်အသံလေးပြန်ကြားမိပြန်ရင် နှစ်ယောက်လုံးကို တစ်ချိန်ထဲမှာ သတိရပြီး ငိုခဲ့ရပြန်တယ်။ ကျွန်မဟာ ငိုဖို့ပဲသိတဲ့ မိန်းမ မဟုတ်လားကျွန်မတို့ကို ဘယ်သူတွေဟာ ဘယ်လို ဘယ်အချိန်မှာ ခွဲခွာ သွားကြမလဲ။ ဘာမှ ရေရေရာရာ မသိတဲ့ လောကကြီးထဲ ရေရာနေတာ တစ်ခုက ကျွန်မ အစ်ကို့ကို တကယ်ချစ်ခဲ့တယ်။ မေ့ဖို့ ကြိုးစားရင်း မေ့မရတဲ့ နေ့စွဲတွေကို ကျွန်မလက်ခံလိုက်တယ်။

လွမ်းတယ်၊ သတိရတယ်၊ နှလုံးသားရဲ့ စိတ်အလိုအတိုင်း အဲဒီအမျိုးသားကို ကျွန်မသေသည့်တိုင် ချစ်သွားမယ်၊ မေ့လို့ရခဲ့ရင်လည်း မေ့ပစ်လိုက်မယ်။ အို…ကျွန်မ ကိုယ့်ကိုယ်ကိုယ် ညာနေမိတာပဲ။ ဘဝမှာ မေ့သွားတယ်ဆိုတာ ရှိလို့လား။ မေ့မေ့ပျောက်ပျောက် လေးပဲ နေကြတာပါ၊ တိုက်ဆိုင်မှုလေးတွေရှိလာတဲ့ အခါ သတိပြန်ရကြတာပါပဲ။ သတိရခြင်းတွေဟာ အစ်ကိုအသံ၊ အစ်ကို့အပြုံး၊ အစ်ကို့မျက်ဝန်းညိုတွေ မှာတင် ပြီးဆုံးသွားခဲ့တာ။ ပျက်စီးပါစေ၊ ပိုင်ဆိုင်ရပါစေဆိုတဲ့ တပ်မက်မှု ဘာဆို ဘာမျှမရှိခဲ့ဘူး။ ဒါပေမဲ့ အစ်ကို့ကိုချစ်မိလို့ ငရဲကျမယ်ဆို ရင်တောင် အဲဒီငရဲဟာ ဘယ်လောက် ပူနိုင်မှာလဲ။ အစ်ကို အဆင်ပြေပါ့မလားလို့ တွေးပူနေတဲ့ ကျွန်မရင်ကို မှီပါ့မလား . . . . .

အပိုင်း (၅)

မောင်

ကျွန်မအသက် ၃၀ ကျော်မှာ အိမ်ကပေးစားတဲ့သူနဲ့ လက်ထပ် ခဲ့တယ်၊ ဖော်မင်းတဲ့။ ကျွန်မထက် အသက် နှစ်နှစ်ငယ်တယ်။ သူကအရပ်ရှည်ပြီး အသားညိုတယ်၊ တည်တည်ကြည်ကြည်နဲ့နေပေမယ့်ကျွန်မနဲ့က ကလေးတစ်ယောက်သာသာ။ ကျွန်မကိုလည်း ဂရုစိုက် ရှာတယ်။ သူက မန္တလေးသားဆိုတော့ မန္တလေးမှာပဲ အခြေချရတယ် လေ။

မနက်ရှစ်နာရီဆို သူ ရုံးသွားပြီ။ ရုံးမသွားခင် မနက်စာကို ကျွန်မ ပြင်ပေးထားရတယ်။ အိမ်မှုကိစ္စတွေနဲ့ပဲ လုံးပန်းကာ အိမ်ထဲပဲ နေဖြစ်ခဲ့တယ်။ သူအားရင်တော့ မန္တလေးမြို့ထဲ အတူတူလျှောက်လည် ကြတယ်။ ပြီးတော့ ဖော်က ညနေ ငါးနာရီမထိုးခင် အိမ်ပြန်ရောက် လေ့ရှိတယ်။ ဖော်က သူ့ကို မောင်လို့ခေါ်စေချင်တာမို့ သူ့ကိုယ်သူ မောင်လို့ သုံးနှုန်းခေါ်ပြတယ်။ မောင်လို့မခေါ်ရင်လည်း ထမင်းမစားဘဲ ဆန္ဒပြတက်သေးတာ။

“မေ မနက်ဖြန် အပြင်သွားချင်လား” “ဟင့်အင်း လုပ်စရာတွေ ရှိသေးတယ်လေ” “မောင်ကူလုပ်မယ်လေ “ရပါတယ်၊ အလုပ်ပိတ်တာ တစ်ရက်တစ်လေနားပေါ့မောင်ရယ်။”

“ဒါဆိုလည်း မေနဲ့အတူ နားမယ်လေ”

ဆိုပြီး ကျွန်မခါးကို နောက်ကနေ သိုင်းဖက်လိုက်တယ်။

“ဖယ်ပါ မောင်ရယ်၊ ထမင်းစားမယ်ဟုတ်လား၊ သွား

သွားထိုင်နေ” “မေ့ကိုရော” “ဟာ…သွားပါ” တံတောင်ဆစ်နဲ့ ဖော်ကို တွတ်လိုက်ကာ“သွားထိုင်နေတော့၊ ရနေပြီ၊ ဟင်းတွေက သွား . . .သွား” ”

“အား မွှေးနေတာပဲကွာထမင်းစားနေရင်း ဖော်က –

“မောင့်မိန်းမ ချက်တဲ့ လက်ရာက သိပ်ကောင်းတာပဲ၊ ရုံး မှာလည်း မောင် သိပ်မစားရဘူး၊ သူများတွေချည်းပဲ စားကြတာ၊ ကောင်းလို့တဲ့””

“ဩော်…ကျွေးလိုက်ပေါ့၊ မောင်က အိမ်ပြန်ရောက်ရင် စားလို့ရတာပဲကို”

“အိမ်မှာ မပျင်းဘူးလား မေ၊ ရုံးလိုက်ခဲ့မလား”

“မလိုက်ချင်ပါဘူး၊ လူတွေက ရှုပ်ကရှုပ်” “အင်းပါ မလိုက်တာလည်း ကောင်းပါတယ်၊ မဟုတ်ရင် မောင့်မိန်းမကအလှလေးဆိုတော့ တော်ကြာ သဝန်တိုနေရဦးမယ်” “တော်ပါ မောင်ရယ်၊ စားစရာရှိတာ စားပါ” .. စ

ဇော်က တော်တယ်၊ ဆေးလိပ်မသောက်၊ ကွမ်းမစား

ပျိုတိုင်းကြိုက်မယ့် အနေအထားပေါ့။ အသောက်အစား ၊ အလောင်းကစား အပျော်အပါး မလိုက်ဘူး။ မနက် အလုပ်သွားတယ်၊ ပြန်လာတယ်၊ ကျွန်မအနားကပ်တယ်၊ လစာလည်း အကုန်အပ်တယ်၊ မငြိုမငြင် မညည်းမညူပဲ ချစ်ရှာတယ်။ ဇော်က ကျွန်မ အိမ်ထဲချည်းပဲနေတာကို သိပ်သဘောမကျဘူး။ အပြင်ကို အမြဲတမ်းခေါ်တယ်၊ ဘေးအိမ်တွေနဲ့ မိတ်ဆက်ပေးတယ်။ ကျွန်မက ဘယ်သူ့မှ လိုတာထက် ပိုမရောဘူး၊အလည်အပတ်လည်း မလုပ်ဘူး။ ဇော့်မှာ ကျွန်မ မကြိုက်တာရှိတယ်။ ကျွန်မအနား အရမ်းကပ်တာပဲ၊ ဒါဟာ ကျွန်မ ဇော်ကို မချစ်လို့ဆိုတာဖြစ်ကောင်း ဖြစ်နိုင်ပါတယ်..

တစ်နေ့ ဇော့် ပိတ်ရက်။

“မေ၊ မောင်တို့ ရုပ်ရှင်သွားကြည့်မယ်လေ”” “မောင် သွားချင် သွားပေါ့”

“မေကရော ““မေက“

“အလုပ်ရှိတယ် ဒါပဲ မဟုတ်လား” ဇော် ကျွန်မစကားကို ဖြတ်ပြောလိုက်ပြီး“အင်းပေါ့ အလုပ်ရှိတာကို””

“ထားခဲ့ပါကွာ၊ လိုက်ခဲ့နော်၊ မေနော်..”

“အင်းပါ နိုးနေပြီဟုတ်လား၊ ထတော့၊ အိပ်ရာသိမ်းမလို့၊ မနက်စာ လုပ်ထားတယ်၊ သွား ထတော့

“အစကတော့ ထတော့မလို့ပဲ၊ အခု မေ့ကိုတွေ့ပြီး ပြန်အိပ် ချင်သွားပြီ”

“ဟာ…ရုပ်ရှင်ရုံသွားမှာဆို”

“အင်းလေ”

“နောက်ကျလိမ့်မယ်လေ

“နောက်ကျပါစေပေါ့”

ဆိုပြီး ကျွန်မကို အတင်းဖက်ကာ အိပ်ရာထဲ ပစ်လှဲချပစ် လိုက်တယ်၊ တစ်ချိန်ထဲ ကျွန်မ သူ့ကို တွန်းထုတ်လိုက်မိတယ်။ သူ ခုတင်ခြေရင်းတွင်ကျွန်မကို ကျောပေးထိုင်ပြီး““မောင့်ကို မချစ်တော့ဘူးဟုတ်လား မေ

“အဲ့လိုမဟုတ်ပါဘူး မောင်ရယ်၊ အပြင်သွားမယ်ဆိုတော့ စိုးလို့ပါ””

နောက်ကျောမှာအနားကိုတိုးပြီး နောက်ကနေ ခါးကိုဖက်ကာ မောင့်ပခုံးပေါ်ကို မေးတင်လိုက်တယ်။

“မောင့်ကို ချစ်လား” “အင်း”

“အဲ့ဆို ချစ်ကြမလား”

လက်များကို ဆန့်ကာထားလိုက်ပြီး-

““ကြာသလားလို့”

“ချစ်စရာလေးကွာ”

ဖော်က ချော့ရ သိပ်လွယ်တယ်။ ကျွန်မက အပြင်သွားရင် လက်ချိတ် မလျှောက်တတ်ဘူး။ ငယ်ကတော့ အားနည်းချက်ပေါ့။

““လာ မောင့်လက်ကို ဆွဲထား”

“သွားပါ၊ လက်တွေ ချွေးထွက်ကထွက်နဲ့၊ သွား ရှေ့က ကျွန်မပခုံးကို လှမ်းဖက်လိုက်ပြီး-

“လက်မကိုင်ရင်လည်း ပြီးရော၊ မောင့်မိန်းမအလှလေးကို သူများတွေ ကြည့်မှာစိုးလို့ မောင်က ကာကွယ်နေတာ ဘာဖြစ်နေတာလဲ

ငြိမ်ငြိမ်နေ” ဒီလိုနဲ့ တစ်နှစ်ပြီးတစ်နှစ် ပြောင်းလာလိုက်တာ အိမ်ထောင် သက်တမ်းသုံးနှစ်ကျော်တဲ့အထိပေါ့။ ကျွန်မ ငယ့်ကို အလွန်သတိရမိတယ်။ အရင်လို နေ့တိုင်းမပြောဖြစ်တာကလွဲရင် တစ်လတစ်ခါတော့ စကား ပြောဖြစ်ကြသေးတယ်။

““မောင်

“ဟင်…ပြောလေ မေ “မေ ခရီးသွားချင်လို့””

“အမယ်လေး ထီပေါက်တော့မှာပဲ၊ ဘယ်ကိုလဲ” “ငယ့်ဆီကိုပါ” ”

“သြော် သွားလေ၊ မောင်လိုက်ပို့မယ်

မေ့ဘာသာသွားမယ်လေ”

“အမယ်လေးဗျာ အကြာကြီးမောင်းရမှာ စိတ်မချနိုင်ပါဘူး၊

ကျွန်တော်မျိုးကိုထားခဲ့နိုင်တယ်ပေါ့”

"မဟုတ်ပါဘူး၊ မောင်က အလုပ်နဲ့မို့လို့ပါ""

"မောင် လိုက်ပို့မယ် သိပ်ကြာကြာမနေဘူးဟုတ်လား၊ သောကြာနေ့ ညကျ သွားမယ်လေ၊ မောင်လည်း ရုံးမပျက်ရအောင်" "အင်းပါ ကျေးဇူးနော် မောင်"

ဇော်က ကားမောင်းရင် ကျွန်မလက်တစ်ဖက်ကို ကိုင်ပြီး မောင်းတယ်။

"ပူတယ်ကွာ၊ ကားသာ သေချာမောင်းပါ၊ လွှတ်..." ဆိုပြီး လက်ကို ဖယ်လိုက်တော့ ဇော်က လက်ကနေ ပေါင်ကို ပြောင်းကိုင်တယ်။

"ကိုယ့်မိန်းမကို ကိုင်တာပဲကွာ၊ ဘာဖြစ်လဲ" ဆိုပြီး ပေါင်ကို ဆွဲလှုပ်လိုက်တော့ ကျွန်မ ပြုံးလိုက်မိသေး။ တစ်လမ်းလုံး ကျွန်မ အိပ်ပျော်နေခဲ့ပေမယ့် ကျွန်မကို ခဏခဏ လာနမ်းတာတော့ သတိထားမိခဲ့တယ်။

"အမယ်လေး လွမ်းလိုက်တာ မေရယ်၊ ပိတောင်လှလာ

သေးတယ်

""ငယ်ရောပဲ၊ ပိန်သွားသလားလို့ ငယ်ရယ်" "ဟုတ်တယ် အစ်မရေ၊ ညတိုင်း ညစာရှောင်တယ်ဗျာ" လာလာ ထိုင်ရအောင်"

"ရေချိုး အနားယူပြီး ငယ့်အမျိုးသားနဲ့ ဇော်က အပြင်ထွက်သွားတယ်။

"မေ အဆင်ပြေရဲ့လား"

"ပြေပါတယ် ငယ်ရဲ့ .. "ဇော်က မေ့ကို ချစ်ရှာတယ်၊ ဂရုစိုက်တယ်လေ"

မေကရော

ဟု ငယ်က မေးလာတော့–

"သံယောဇဉ်တော့ ရှိပါတယ် ငယ်ရယ်၊ ဒါပေမဲ့... "ဒါပေမဲ့ ဘာဖြစ်လဲ မေ၊ ထားပါ၊ ငယ်က မေးကြည့်တာ၊ ငယ့်ကောင်မလေး ခံစားနေရမှာစိုးလို့၊ ဒါပေမဲ့ ငယ်သိနေတယ်

ငယ့်အမျိုးသားက တံခါးနားမှာ–"ဒီနှစ်ယောက်ဘာတွေ ပြောနေတာလဲ"

"ဘာမှမဟုတ်ပါဘူး၊ မေ့ကို ကလေးယူဖို့ပြောနေတာလို့ငယ်က ပြောလိုက်တယ်။

"သြော်... ကလေးဆိုမှ နောက်ကြုံမှ ငယ့်ကို ပြောပြဦးမယ်"

"မေ့ ဟိုဘက်မှာ လှတယ် လာ၊ မောင်ဓာတ်ပုံရိုက်ပေးမယ်" ဇော်ခေါ်နေတာနဲ့ ဇော့်နောက်ကို လိုက်သွားရတယ်။ တောင်ကြီး က အလွန်အေးတယ်။ ကျွန်မမှာ အနွေးထည်မပါတော့ ငယ့်အနွေးထည် တွေကိုပဲ ယူဝတ်ခဲ့ရတယ်။

"မနေ့က ပြောစရာရှိတယ်ဆို စကားပြတ်သွားတာ ဘာပြောမို့လဲ မေ

"ဘာကြီးလဲ ဟင်" "မသိဘူးလေ မေရဲ့၊ စကားပြောရင်း နောက်ကြုံမှ ငယ့်ကို ပြောပြမယ်ဆိုပြီး ထသွားတာလေ"

"သြော်... မေက ကလေးယူလို့ မရဘူးငယ်ရဲ့" "ဟယ်...ဘယ်လိုဖြစ်တာ"

"မေတို့ ကြိုးစားပြီးပြီ၊ ဇော်က လက်ခံပါတယ်၊မေလည်း လက်ခံတယ်၊ နှစ်ယောက်ထဲ နေသွားကြဖို့ကိုလေ" "အင်းပါ ... ဒါလည်း ပျော်စရာကောင်းတာပါပဲ" ညနေကျ ဘယ်အချိန်သွားမှာလဲ မပြန်စေချင်သေးဘူး၊

အရမ်းမြန်တာပဲ"" "ဇော့်အလုပ်အမီလေ ငယ်ရဲ့၊ သူ ပြန်တဲ့ အချိန်ပေါ့" ကားပေါ်တက်ခါနီး ငယ် ကျွန်မလက်လေးကို ဆုပ်ကိုင် လိုက်ပြီး "ငယ်တို့ ပျော်ပျော်နေကြမယ်နော်"တဲ့။ ငယ့်အပြုံးတွေဟာ ငယ်အရင်လိုပဲ လှနေသေးတယ်။ သိပ်မကြာ ကျွန်မ ရန်ကုန်ကိုလည်း သွားခဲ့တယ်။ အမေ့ဆီကိုပေါ့။ ဇော် မအားတာနဲ့ နေ့ချင်းပြန်ပါပဲ။ "အမေဆီ နေခဲ့မယ်လေ၊ မောင် နောက်တစ်ပတ်မှ လာခေါ်

"ဟင်...မေကလည်း"

"ဇော်မျက်နှာ တစ်ချက်ညှိုးသွားတော့"အင်းပါ"ဆိုပြီး ပြန်လိုက်လာခဲ့ရတယ်။ ဇော်က ဒုတိယငယ်ပါပဲ၊ အလုပ်က အကြောင်းများကို အိပ်ရာဝင်ချိန်တိုင်း ကျွန်မကို ပြောပြတယ်။ "မောင်တို့ ရုံးမှာ လူအသစ်တွေ ရောက်တယ်၊ မောင် သူတို့ ကိုသဘောမကျဘူး၊ အထက်လူကြီးတွေ ကပ်လို့"

ဒီလိုပဲ ပေါင်းရသင်းရာပေါ့ မောင်ရယ် တစ်ချိန်ဘဲမှာပဲ

"မောင့်ကို ရော ဇော့်အောက်က ကောင်မလေးတွေလာ မကပ်ကြဘူးလား"

"အမ် ဟို မရှိပါဘူးဗျာ၊ အင်း ဘာလဲ သဝန်တိုတာလား

"ဟုတ်ပါဘူး"

"အယ်...ကောင်မလေး သဝန်တိုနေပြီးတော့ "မဟုတ်ပါဘူးဆို မောင်ကလည်း ဇော်က တစ်ခါတစ်ရံ ကလေးနဲ့တူတယ်၊ ချွဲနွဲ့တတ်ပြီး၊ အားကိုးတိုက်သလို ချစ်ဖို့လည်း တိုက်တန်တယ်၊ အဲဒီနေ့က အိမ်ထောင် သက်တမ်း ငါးနှစ်ပြည့် ဘုရားသွားမယ်လို့ စိတ်ကူးထားခဲ့တာ။

"ဟာရေ ဒီနေ့ ဘာမှ မချက်ထားဘူးလား "အပြင်မှာ စားမလို့လေ မောင်"

"ဟင် ...ဘယ်သွားမို့လဲ" ဇော် မေ့နေပြီ။

"ဘုရားသွားမလို့လေ မောင်"

ဘာနေ့မို့လို့

ခဏကြာမှ သူ သတိရသွားပြီး–

"ဆောရီး မေ၊ မောင် ဟိုဟာ အလုပ်များပြီး တစ်ချက် မေ့သွားတာ၊ ဒါပေမဲ့ ဒီနေ့က အစည်းအဝေးရှိလို့လေ မောင်..." အင်းပါ၊ သွားလေ ရတယ်၊ မေ ထမင်းချိုင့် အမြန်လုပ်ပေးမယ်

မောင့်စကားမဆုံးခင် ကျွန်မဖြတ်ပြောလိုက်တယ်။ "ရတယ်လေ၊ မောင်အပြင်မှာပဲ စားလိုက်တော့မယ်"" "ဟုတ်ပြီလေ"

အိမ်ထောင်သက်တမ်း ငါးနှစ်မှာ ဇော့်နှုတ်က ပထမဦးဆုံး အပြင်မှာ စားလိုက်မယ်လို့ ထွက်လာခဲ့ခြင်းပါပဲ။

စိတ်ထဲ တနုံနုံ ဖြစ်နေခဲ့တယ်။ ငယ့်ဆီ ဖုန်းဆက်ပြီး"ဇော် အသစ်တွေ့နေပြီလား မသိဘူး ငယ်" "မဟုတ်နိုင်ပါဘူး မေရာ၊ မေ အတွေးလွန်နေတာ ဖြစ်မှာ ပါ၊ သူ့ရုံးမှာ လူအသစ်တွေ ရောက်တယ်ဆို"

အင်းလေ

ဘာညာလေး မေးကြည့်သေးလား

"အင်း.. မေးတယ်" "

"ဘာပြောလဲ"

""အမ်းတမ်းတမ်းနဲ့ပဲ"

"ဇော်က ခုလို တစ်ခါမှ မမေ့ဖူးဘူး၊ မေပဲ မေ့ခဲ့တာ" ဒါဆို ဒီတစ်ခါ ခွင့်လွှတ်လိုက်ပေါ့၊ စိတ်ထင်နေတာလည်းဖြစ်နိုင်ပါတယ် မေရယ်" "ဟင့်အင်း၊ ဇော်ခြေလှမ်းတွေ ပျက်နေတာ မေ ခံစားမိတယ်

"ညနေ အိမ်ကို နောက်ကျမှ ပြန်လာတာမျိုးရော ရှိလား" "ဟင့်အင်း၊ ဒါပေမဲ့ မနက်ပိုင်းတော့ အစောကြီးထပြီး ခုနှစ်နာရီခွဲလောက်ဆို သွားတယ်"

"မဟုတ်နိုင်ပါဘူး မေရယ်"

ဖုန်းချခါနီး "မဟုတ်နိုင်ပါဘူး မေရာ မေ့လိုက်ပါ"လို့ ငယ်မှာခဲ့ပေမယ့် ဇော့်ကို စိတ်ဆိုးနေခဲ့တယ်။

"မောင် ပြန်ရောက်ပြီ၊ Happy anniversaryပါမေ"

ပန်းစည်းကြီးပါလာပြီး ကျွန်မ သိပ်ကြိုက်တဲ့သနပ်ခါးပန်းတွေနဲ့ တစ်ပွေ့တစ်ပိုက်ကြီး။ တစ်ချက်ပြုံးလိုက်ကာ–

"အပြင်မှာ စားမယ်ဆိုလို့ နောက်အပြင်မှာပဲ စားတော့။ ဒီနေ့လည်း ဘာမှ မချက်ထားဘူး။"

ဆိုပြီး ပန်းစည်းယူကာ လှည့်ထွက်ခဲ့တယ်။

"ရတယ်လေ၊ မစားဘူး၊ မေ ချက်ကျွေးမှပဲ စားမယ်" ထက်ကြပ်မကွာ လိုက်ဖက်နေပြီး–

"မောင် တကယ်အလုပ်များနေလို့ တစ်ချက်ကလေး

သတိ မေ့သွားတာပါ မေရယ်၊ မောင့်ကို စိတ်မဆိုးပါနဲ့ကွာ"

ကျွန်မ စိတ်ဆိုးမပြေရင် သူ လွှတ်မှာမဟုတ်တော့""ပြီးတာပဲ၊ အဲ့ဆိုလည်း ခြေလှမ်းတွေ ပျက်မယ်မကြံနဲ့နော် ရိုက်ချိုးပစ်မှာ"

"အမယ်လေး မပျက်ပါဘူးဗျာ၊ ကြောက်ပါတယ်"

ရယ်ရယ်မောမောနဲ့ သူ ပြန်ပြောခဲ့တယ်။ ဘေးမှာ လှဲနေတဲ့ ဇော့်ကို ကြည့်ပြီး–
"

"မောင်"ဗျာ"

ဇော်က အမြဲ"ဟင်" လို့သာ ထူးခဲ့တာ၊ အခု"ဗျာ"တဲ့၊ စိတ်ထဲ တစ်စုံတစ်ယောက်ကို သတိရသွားမိတယ်

"မေက လှလားဟင်"

"လှတယ် မေ"

"ဘယ်လောက်လှလဲ"

""အဲ့လိုတော့ မောင် မသိဘူး"

ဆိုပြီး သူ့လက်မောင်းပေါ် လက်လေးပုတ်ပြတော့ ကျွန်မသွားလှဲ

အိပ်လိုက်တယ်။

"မျက်လုံးလည်း လှတယ်၊ အပြောရောအနေအထိုင်ရော မိန်းမပီသတယ်၊ တော်လည်းတော်တယ်၊ ခန္ဓာကိုယ်လည်း လှတယ်၊ ဆံပင် လည်း လှတယ်ကွာ။ မောင့်မိန်းမက ပြီးပြည့်စုံသော မိန်းမလေးပဲ""

ဇော့်ဗိုက်က တဂွမ်ဂွမ်မြည်နေပြီး အသံကြားမှာ စိုးသဖြင့် ဇော် လှုပ်ခါနေတယ်။

"မေ ခေါက်ဆွဲပြုတ်ပေးမယ်နော်" ဆိုပြီး ကျွန်မ ပြုတ်ပေး၊ ထည့်ပေးမှ ဇော်ထစားတယ် ။ စားနေတာကြည့်ပြီး ကျွန်မ စိတ်ထင်နေတာပဲ ဖြစ်မှာပါလေဆိုပြီး စိတ်ကို ဖြေခဲ့ရပြန်တယ်။

အပိုင်း (၈)

မဖြစ်နိုင်ဘူးဆိုပြီး ခြားလိုက်တဲ့

စည်း တစ်ဖက်တစ်ချက်ဆီမှာ

သူ့ဘက်ကလည်း ငို

ကိုယ့်ဘက်ကလည်း ပြုံး

ရုံးကို တစ်ခါမှ မလိုက်ဖူးတဲ့ ကျွန်မ အဲဒီနေ့က လိုက်သွားဖို့ အစောကြီးထ ပြင်ဆင်ပြီး စောင့်နေခဲ့တယ်။ ""ဟာ..လှလို့ပါလား၊ ဘယ်သွားမလို့လဲ "မောင်နဲ့ လိုက်မလို့လေ" "ဘယ်ကိုလဲ""ရုံးကိုပေါ့ မောင်ရဲ့၊ မောင်ပဲ အမြဲခေါ်နေပြီးတော့" "ဟာ.. ကြုံလည်းမပြောဘူး၊ မောင်က ဒီနေ့ဟို အစည်းအဝေးရှိတယ်

"မောင် မခေါ်ချင်လည်း မလိုက်တော့ပါဘူး၊ရော့" ထမင်းချိုင့်ကို ဇော့်လက်ထဲ ထည့်ပေးလိုက်တော့"ဟိုဟာလေ မေ လိုက်ချင်လည်း လိုက်ခဲ့ပါ၊ စောင့်တော့ စောင့်ပေးနော်"

"ဟုတ် စောင့်မှာပေါ့ မောင်ရဲ့"

"အင်း..အင်းပါ၊ ဩော်...မောင် လူတစ်ယောက်ကို ဝင်ခေါ်ဦးမယ်"

"ရတယ်လေ၊ပြီးရင် ဆင်းလာခဲ့၊ မေ ကားထဲ ပစ္စည်းတွေ ထည့်ပြီး စောင့်နေမယ်"

"အင်း...အင်း

ဇော်က အရင်လို ကျွန်မလက်ကို ကိုင်မထားဘဲ လက်တန်းပေါ် လက်တင်ပြီး လက်တွေကို အငြိမ်မနေ တစ်ခုခုကို စိတ်နှစ်ပြီး

တွေးနေသလို ငြိမ်နေကာ လမ်းတွေကို ကွေ့ပတ်ကာ မောင်းနေတော့ " အစည်းအဝေးရှိတယ်ဆို မြန်မြန်မောင်းလေမောင်၊ ဘယ်လိုလုပ်လမ်းတွေ ပတ်မောင်းနေတာလဲ""

ဟိုလမ်းက ပိတ်ထားလို့လေ

"ဘယ်လမ်းက ပိတ်တာလဲ၊ မနေ့ကမှ မေ ဈေးလာဝယ်ထားတာ မပိတ်ပါဘူး မောင်ရဲ့"

"မသိဘူး၊ ပိတ်ထားတယ်ထင်လို့"

ငါးထပ်တိုက်ခန်းရှေ့တွင် ဇော် ကားရပ်လိုက်ပြီး ဖုန်းခေါ်နေတယ်။

"နွယ်အစ်ကိုရောက်ပြီ" အစ်ကိုတဲ့။

ခဏကြာတော့ ခပ်ငယ်ငယ်ကောင်မလေး တစ်ယောက် ဆင်းလာတယ်။ ၂၀ ကျော်ဝန်းကျင်ပဲ ရှိဦးမယ်၊ သူ နောက်ခန်းမှာ ထိုင်ပြီး မိနစ်အနည်းငယ်လောက်ထိ ကျွန်မတို့ သုံးယောက်လုံး ဘာစကားမှ မပြော၊ နှုတ်လည်း မဆက်။ တကယ်ဆို ဇော်က မိတ်ဆက်ပေးရမယ်ဟုတ်လား။ ကျွန်မစိတ်ထဲ တွေးနေမိတယ်။ သူက မှန်ထဲကနေ

ကျွန်မကို ခဏ ခဏ ချောင်းချောင်းကြည့်နေပြီး သူ့ နှုတ်က–

“အစ်ကို့အမျိုးသမီးလား”

“အင်း…ဟုတ်တယ်မြူနှင်းမေတဲ့ နွယ်၊

မေ၊ သူက

ယိမ်းခက်နွယ်တဲ့”

“ဟုတ်”

“ရုံးမှာတော့ နွယ်လို့ပဲ ခေါ်ကြတယ် အစ်မ၊ အစ်မက သိပ်လှတာပဲ၊ နုပျိုနေရောပဲ၊ ဆံလည်းကောင်း၊ အရွယ်လည်းကောင်း” သူ နှုတ်သွက်လှတယ်။“မြှောက်နေပြီ ရှင်၊ ကဲ ဘာစားမှာလဲ ပြော””

ရယ်ရယ်မောမောသာ ဖြေလိုက်ပြီး ရုံးရောက်တော့“အစည်းအဝေးရှိတယ်ဆို မောင်”

“ဩော်…..အင်း…ဟို””

ဇော် အမ်းတမ်းတမ်း ဖြစ်နေချိန် –

ဟင်ဒီနေ့ အစည်းအဝေး မရှိပါဘူး။ မနက်ဖြန်မှလေ အစ်ကိုရဲ့ ရက်မှတ်တာ မှားလာတယ်နဲ့တူတယ်””

သူမ ထပြောအပြီး –

“ဩော်….ဟုတ်သားပဲ၊ ဒီနေ့ နှစ်ဆယ့်ခြောက်ရက်နေ့၊ မနက်ဖြန်မှပဲဟာကိုကွာ”

“ကဲပါ ထား၊ လာ အစ်မ ဒီမှာထိုင်”

ဆိုပြီး ထိုင်ခုံလေး ချပေးသွားတယ်။ သူက ဇော်နဲ့အနီးကပ် အလုပ်လုပ်ရတယ်။ သွက်တယ်၊ လှတယ်၊ အသားဖြူဖြူ နုနုနယ်နယ် လေး၊ ပြီးတော့ ဇော့်ကို အစ်ကိုလို့လည်း ခေါ်တယ်။ သူမ ဇော်ကို ကြည့်တဲ့အကြည့်တွေမှာ မရိုးရှင်းလှ။ ကျွန်မက မောင့်ဘေးက လူတွေ အားလုံးကို တစ်မနက်လုံး အကဲခတ်နေမိတော့တယ်။ နေ့ခင်း ထမင်း စားချိန်ရောက်တော့–

“မောင်၊ မေ ပျင်းတယ်၊ ပြန်နှင့်တော့မယ်””

“မောင် လိုက်ပို့မယ်လေ”

"နေနေ မေ့ဘာသာ သွားလိုက်မယ်"

"ဟာ မောင် စိတ်မချပါဘူး၊ခဏာ၊ မောင် လိုက်ပို့မယ်" ရုံးက လူတွေက နှစ်လိုဖွယ်ရာ လိုက်ကြည့်နေကြပြီး အားကျ တဲ့စကားတွေ တီးတိုးပြောဆိုနေကြတယ်။ လမ်းတစ်လျှောက် ဇော့် အကြောင်း တွေးနေမိတယ်။ ကျွန်မ ဇော့်ကို ဆုံးရှုံးရတော့မှာကို စိတ်မှာ ခံစားနေရပြီ။

ဘာစကားမှ မပြောဘဲ ကားမောင်းနေတဲ့ ဇော့်လက်မောင်းပေါ် ခေါင်းလေးမှီလိုက်တော့"ဟာကွာ မောင့်မိန်းမတော့ ချွဲပြီ...ဆိုပြီး ကျွန်မနဖူးကို လှမ်းနမ်းလိုက်ချိန်မှာ ကျွန်မ ခံစားလိုက်မိတယ်။ မောင့်အနမ်းတွေဟာ အရင်လို မနွေးထွေးတော့ပြီ။ ကျွန်မ မောင့်ကို လက်လွှတ်မပေးချင်ဘူး။ မောင်ဟာတစ်ချိန် က ကျွန်မကို အလွန်အမင်းချစ်ခဲ့တယ်။ ကျွန်မအလှ၊ ကျွန်မ အချက် အပြုတ်နဲ့ ကျွန်မအယုအယကို စွဲလမ်းခဲ့တဲ့သူ ဖြစ်တယ်။ ဘယ်လိုပဲ ဖြစ်ဖြစ်ပါ။ ဘယ်မိန်းမမှ ကိုယ့်အမျိုးသားကို မဆုံးရှုံးချင်ပါဘူး၊ သတိထားမိသလောက် ဇော်ပြောင်းလဲနေတာ သုံးလကျော်ခဲ့ပြီ။ တစ်ရက်ထက် တစ်ရက်ဇော်က အလုပ်တွေ ပိုပြီးများများလာတယ်။ အလုပ်ကိုလည်း အစောကြီးသွားတဲ့အပြင် ညတွေဆို နောက်ကျမှ ပြန်လာတတ်နေပြီ။ ကျွန်မ ရုံးကို လိုက်သွားချင်ပေမယ့် ကျွန်မစိတ်မှာ ကျွန်မကြောင့် နေရခက်သွားမယ့် လူနှစ်ဦးကို သနားနေမိတယ်။ အဲဒါကြောင့် မသိချင်ယောင်ပဲ ဆောင်နေခဲ့တယ်။

အဲဒီနေ့က ရာသီဥတုက မကောင်းဘူးမိုးရွာလိုက်၊ နေပူလိုက်နဲ့။ အဝတ်တွေ ထုတ် လှန်းလိုက်၊ ပြန်ရုပ်လိုက်နဲ့ ကျွန်မ အလုပ်ရှုပ် နေခဲ့တယ်။ ငယ်ဆီက ဖုန်းဝင်လာပြီး–

"ဟလို" "ဟလို မေ နေကောင်းလား" ""အင်း...ကောင်းပါတယ်၊ ငယ်ရော" ""ကောင်းပါတယ်၊ မေ အဆင်ရောပြေရဲ့လား၊ ညက အိပ်မက်မက်တယ် မေ ခွေးကိုက်ခံရလို့တဲ့၊ အဲ့ကြောင့် အသွားအလာ သတိ ထားဖို့ ဖုန်းလှမ်းဆက်လိုက်တာ၊ နေတော့ ကောင်းတယ်ဟုတ်လား" အင်း...ကောင်းပါတယ်၊ မေ ၊ ဂရုစိုက်လိုက်ပါ့မယ် """ငယ် ဟိုတစ်ပတ်က ရန်ကုန်ကို သွားသေးတယ်၊ မရောက် တာ အရမ်းကြာနေပြီလေ၊ အဲ့ကြောင့်၊ ပြီး... ပြီးတော့....။ "ဘာဖြစ်လို့လဲ ငယ်"

"ငယ်တို့နေခဲ့တဲ့ အဆောင်ရှေ့ကိုလည်း ရောက်ခဲ့တယ် ဘာမှ မပြောင်းလဲသေးဘူး၊ အရင်အတိုင်းပဲ သိလား။ ""အင်း"

နှစ်ယောက်လုံး တိတ်ဆိတ်သွားပြီး ခဏအကြာ"ငယ် မိုးရွာလာလို့ အဝတ်ရုပ်ဦးမယ်၊ ဒါပဲနော်"" "အင်း...အင်း မေ အဆောင်းလည်း ဆောင်းဦး" "အဆောင်းဆောင်း"တဲ့။

ကျွန်မ အစ်ကို့ကို သတိရမိသွားတယ်။ တစ်ချိန်ထဲမှာပဲ အစ်ကို့ အမျိုးသမီးကိုလည်း သတိရခဲ့တယ်။ အခုအချိန်မှာ ကျွန်မ အစ်ကို့ အမျိုးသမီးကို စာနာတတ်ခဲ့ပြီ။ အဲဒီတုန်းက သူ ဘယ်လောက် ခံစားခဲ့ ရမလဲ။ ဇော်ကို မချစ်ခဲ့တဲ့ ကျွန်မတောင် ဒီလောက် ပူပန် နေရရင် အစ်ကို့ကိုချစ်ခဲ့တဲ့ အဲဒီအမျိုးသမီးက ဘယ်လောက် သောက တွေများခဲ့ရမလဲ။

ဒါပေမဲ့ ကျွန်မလည်း အစ်ကို့ကို တကယ်ချစ်ခဲ့တာပါပဲ။ မရည်ရွယ်ဘဲ ဖြစ်သွားတဲ့အရာတွေဟာ အချစ်ကြောင့်ဆိုရင် ရည်ရွယ်ပြီး ဖြစ်မလာတဲ့ အရာတွေကရော အချစ်ကြောင့်ပဲလို့ ဆိုနိုင်မလား။ တကယ်တော့ အချစ်ဆိုတာ ကျွန်မတို့လုပ်ယူခဲ့တဲ့ အရာမဟုတ်ပေမယ့် ထိန်းချုပ်လို့တော့ရနိုင်ပါတယ်။ မထိန်းချုပ်ဘဲ ခံစားမှုနောက်ကိုလိုက်ရင်း နှလုံးသားအလေးချိန်ဟာ မြင့်ရင်း မြင့်ရင်းနဲ့ပဲ ရူးသွပ်နေခဲ့ကြတာ။ အဲ့ဒီတုန်းက အစ်ကိုရွေးခဲ့တဲ့လမ်းဟာ မှန်တယ်ဆိုတာ ကျွန်မ သိခဲ့ရ တယ်။ အစ်ကိုသာ ကျွန်မကို ရွေးချယ်ခဲ့ရင် ကျွန်မ အခုလို ခံစားချက် ကို နားလည်မှာ မဟုတ်ဘူး။

ကျွန်မတို့ဟာ တစ်ယောက်နေရာ တစ်ယောက် ဝင်မခံစား ကြည့်သရွေ့ ကိုယ်ချင်းစာစိတ်ဆိုတာ ဘယ်တော့မှရှိလာမှာ မဟုတ်ဘူး။ တကယ်တမ်း ကျွန်မ မေ့နေခဲ့တာက အစ်ကို့အမျိုးသမီးနေရာကို ဝင်ကြည့်ဖို့ပါပဲ။ ၉၉% သေချာနေခဲ့တယ်၊ ဇော်က နွယ်နဲ့ ချိတ်ကြိုက် နေခဲ့ပြီ။ အဲဒီနေ့က ဇော် ရုံးကို မသွားဘူး။ အိမ်ဖုန်းကို ရုံးက ဖုန်း ဝင်လာတယ်။

“ဟလို”

“အစ်မရေ၊ ကိုဇော် အလုပ်မလာလို့လေ””

စကားနှိုက်ကာ ကျွန်မက–

“မနက်က နွယ့်ကိုလည်း ဝင်ခေါ်ရဦးမယ်ဆိုပြီး ထွက်သွားတာပဲ”

“ဩော် နွယ်က မနေ့ထဲက မလာဘူးလေ”

တကယ်ဆို ရုံးမှာ အရေးကြီးလုပ်စရာရှိလို့ဆိုပြီးတော့ ညက ဇော်ပြန်မလာတာ။

“ဩော်... နေဦးနော် ဇော့်ဆီက ဖုန်းလာနေတယ်။ အစ်မ ပြန်ဆက်မယ်နော်”

ဆိုပြီး ဖုန်းခဏချလိုက်တယ်။ ခဏနေမှ ကျွန်မရုံးကိုဆက်ပြီး–

“ပစ္စည်းမေ့ကျန်နေခဲ့လို့ ပြန်လှည့်လာတာတဲ့ မောင်လေး ရေ၊ ပြန်ထွက်သွားပြီ နည်းနည်းတော့ နောက်ကျလိမ့်မယ်နော်”လို့ ပြောခဲ့တယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဇော်က ကျွန်မအမျိုးသားဖြစ်တဲ့အတွက်သူ အရှက်ရ၊ မျက်နှာငယ်ရအောင်တော့ ကျွန်မလုပ်မှာ မဟုတ်ဘူး။ "မောင် ပြန်ရောက်ပြီ""

"အင်း"ဇော်က မနက်ကအကြောင်းကို ရုံးမှာ သိလာခဲ့ပြီးပြီ ထင်ပါတယ်။

"မနက်က ဖုန်းဆက်သေးတယ်ဆို"

"မေမဆက်ပါဘူး၊ ရုံးက အရင်ဆက်တာ၊ အဲ့တာ ဟို လေ"ဟို မောင်

"အင်းပါ"

ကျွန်မ သူ့မျက်လုံးတွေကို စေ့စေ့ကြည့်ပြီး

"မောင့်ကို မေယုံပါတယ်၊ အချစ်ဆိုတာ မေတို့ တမင် လုပ်ယူထားတဲ့ အရာတွေ မဟုတ်ဘူးလေ၊ နှလုံးသားက တောင့်တတဲ့ သူကို ကိုယ်တောင် မသိလိုက်ပါပဲ ချစ်မိကြမှာပဲ၊ အဲဒါအချစ်ရဲ့ သဘောတရားတွေပဲ၊ ဟုတ်တယ် မဟုတ်လား"

အရင်းမရှိအဖျားမရှိပြောလိုက်ပေမယ့် ဇော်နားလည်ပုံရတယ်။ သူ မဟုတ်ရင် အတင်းပြန်ငြင်းတတ်တဲ့ ဇော်က ငြိမ်ပြီး နားထောင် နေတယ်။

""အချစ်ဆိုတာ ကိုယ်နဲ့အတူရှိမှမဟုတ်ပါဘူး၊ သူပျော်နေမယ် ဆိုရင် ဘယ်သူနဲ့ပဲပျော်ပျော် ကိုယ်လည်းပျော်ရမှာ၊ ကိုယ်ရွေးတဲ့လမ်းကို လျှောက်ရမှာပါပဲ မောင်ရယ်၊ ကောင်းမယ်ဆိုရင် လုပ်ပေါ့၊ မေ ဘာမှ မပြောလိုဘူး"

"မေရယ်၊ မောင်လေ မင်းကို တကယ်ချစ်ခဲ့တာ။ တကယ် တန်ဖိုးထားပါတယ်၊ ဒါပေမဲ့ အခု မောင် ဘယ်လို ဖြစ်သွားလဲ မသိ ဘူး၊ ဒါပေမဲ့ မောင် မင်းကို အခုချိန်ထိ သိပ်ချစ်တာ မေရဲ့၊ ဒါတော့ ယုံပါ မေ" မေ

"တော်ပါတော့၊ တော်ပါတော့ မောင်ရယ်"

ထိန်းထားပါရက်နဲ့ ကျွန်မ မျက်ဝန်းထဲက မျက်ရည်တွေ စီးကျလာခဲ့ပြန်တယ်။ ဇော်နဲ့ ကျွန်မက ရှင်းတယ်။ တစ်ခုခုဆို ငဲ့ညာစရာ သားသမီးလည်း မရှိ၊ နှစ်ဦးသား သံယောဇဉ်ပဲ ရှိကြတာ၊ ညတွေမှာ ကျွန်မ ကောင်းကောင်း အိပ်မပျော်ခဲ့ဘူး။

မောင် ကျွန်မကို ကလေးတစ်ယောက်လို ဖက်ထားတဲ့ အဲဒီ လက်တွေနဲ့ သူကိုလည်း မောင် ဖက်ကောင်း ဖက်ခဲ့နိုင်တယ်။ "အို...ငါဘာတွေ တွေးနေပါလိမ့်"

ကျွန်မ အိပ်ရာထဲက ထွက်လာခဲ့တယ်။ အမှောင်ကျကာ အပြင်မှာ တိတ်ဆိတ်နေတယ်။ လေစိမ်းတွေဟာ ကျွန်မအင်္ကျီကနေ ကျွန်မရင်ကွင်းကို

တစ်ဆင့်ချင်း တိုးဝင်အေးစက်နေတယ်။

ငယ့်ကို သတိရမိပြန်တယ်။ ဒီအကြောင်းတွေ ငယ့်ကို မပြောပြဖြစ်ဘူး။ အခန်းထဲက ဇော်ဖုန်းသံမြည်နေတာ ကြားလိုက်ရတယ်။ အချိန်က မနက်(၁)နာရီ မြင်သမျှ ကြားသမျှတွေဟာ ကျွန်မကို အတိတ်တွေထဲ ပြန်ဆွဲခေါ်နေသလို နာကျင်ရတယ်။ ဒီအချိန်ဟာ အစ်ကို ဖုန်းခေါ်တတ်တဲ့အချိန်။ ဇော်ဖုန်းချလိုက်ပြီး စာပို့လိုက်တယ် ထင်ပါရဲ့။

ကျွန်မ အမျိုးသမီးတစ်ယောက်ကို စိတ်ထဲကနေ ထပ်တ လဲလဲ တောင်းပန်နေမိတယ်။ ကျွန်မ အခု သူ့နေရာကို ရောက်နေပြီ။ သူနာကျင်သလို နာကျင်နေရပြီ ဘယ်တော့များ ထွက်ခွာသွားမလဲလို့ တွေးပူနေခဲ့ရပြီ။

ငယ့်ကို ဖုန်းဆက်ပြီး အကုန်ပြောပြလိုက်တယ်။ “ဇော် သူ့ကို ချစ်နေပြီလား မသိဘူး၊ မေ့ထက်ပိုပြီး ချစ်သွား ပြီလား မသိပါဘူး ငယ်ရယ်၊ အပျော်ဆိုရင်တော့ မေ နားလည်ပေး လိုက်မယ်။ လူဆိုတာ တစ်ခါတော့ မှားဖူးကြမှာပဲလေ၊ မေ ဇော့်ကို မဆုံးရှုံးချင်ဘူး”

ကျွန်မစကားမဆုံးခင်- .. “အို...ဖောက်ပြန်နေတာကို နားလည်ပေးစရာလား မေရဲ့၊ရူးနေတာလား”

“ဒါပေမဲ့ မေ့တုန်းကလည်း ငယ်ရယ်..."

“အခြေအနေက မတူဘူး မေ၊ မေက ရိုးသားတယ်၊ အခု သူတို့လိုမျိုး အတူအိပ်၊ အတူစားတွေရှိခဲ့တာ မဟုတ်ဘူး၊ စာလေးပို့ရုံ အသံလေးကြားရုံနဲ့ နာကျင်ရတာ၊ သူတို့လို ပျော်နေခဲ့ရတာမဟုတ်ဘူး၊ မေက ဖောက်ပြန်ရာ မရောက်ခဲ့ဘူး၊ မနက်ဖြန် ငယ် မန္တလေးလာခဲ့ မယ်”

“မလာပါနဲ့ ၊ နေပါ ငယ်ရယ်၊ မေ့အတွက် ငယ် အလုပ်ရှုပ်ပါ တယ်၊ နေပါစေ၊ နေ့ဘာသာကြည့်ပြီး စီစဉ်ပါ့မယ်”

ဆိုပြီး ဖုန်းချပစ်လိုက်တယ်။ အရာရာကို တရေးရေးမြင်ပြီး ညလုံးပေါက် ဝရန်တာမှာပဲ ထိုင်ကာ ငိုနေခဲ့မိတယ်။ နောက်တစ်နေ့ မနက်မှာ

“မောင် အလုပ်သွားတော့မယ်၊ ဟာ...မျက်လုံးတွေ အစ်နေရောပဲ ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား” မေးပြီး မျက်ရည်ကျနေတဲ့ ဇော်ကို ကြည့်ကာ...

“ငိုမနေပါနဲ့တော့ မောင်ရယ်၊ မောင်ပျော်ဖို့ အဓိကပါပဲ၊ ဒါပေမဲ့... ဒါပေမဲ့ မေ သိချင်တယ်၊ ဟောဒီ မိုးကောင်းကင်အောက်မှာ မေ့ကိုပဲ ချစ်တာပါလို့

ပြောခဲ့တဲ့မောင်က အခု ဒီကောင်းကင်အောက်က တခြားအမျိုးသမီး တစ်ယောက်ကို မေ့ထက်ပိုချစ်မိသွားပြီလားဆိုတာ တကယ်သိချင်မိတယ်””

အားရပါးရ ငိုချပစ်လိုက်ချင်ပေမယ့်လည်း မျက်ရည်ကျရုံကလေး ထိန်းထားနိုင်ခဲ့တယ်။ ရင်တွေ ကွဲထွက်သွားမတတ်ပါပဲ။ ကျွန်မရှေ့မှာ မောင် ဒူးထောက်လျက်သား ဖြစ်သွားပြီး–

“မောင် ကျိန်ပြောရဲပါတယ် မေ။ မောင် အခုထိ အခုချိန်ထိ မေ့ကို အရင်ကလို ချစ်နေတုန်းပါပဲ၊ ဒါပေမဲ့ကွာ ဒါပေမဲ့ မောင့်အမှားမောင်သိပါတယ်၊ မောင့်အတွက် မေ မျက်ရည်ကျရတာ မတန်ပါဘူး။ မေရယ် ဒီကောင့်အမှားပါ”

ဒီကောင့်အမှားပါ ပြောနေရင်း ဖော်မြေပြင်ကို လက်သီးနဲ့ သုံးလေးချက်လောက်ထိုးလိုက်ချိန် “တော်ပါတော့ မောင်ရယ် တော်ပါတော့”

ကျွန်မ မောင့်ကို ရင်ခွင်ထဲသွင်းကာ ဖက်ထားလိုက်တယ်။ အဲဒီနေ့က မိုးတွေ အရမ်းရွာနေတာ။ ဟင်းချက်နေရင်း ဖုန်းဝင်လာတာ ကြားပေမယ့် မကိုင်လိုက်ရဘူး။ ခဏအကြာ ပြန်ခေါ်

လိုက်တော့

“အစ်မ၊ အစ်မလား” ”

“ဟုတ်ပါတယ် မေပါ

“နွယ်ပါ အစ်မ”

သူ့အသံမှာ ငိုသံပါနေပြီး–

“ဟုတ် ပြောလေ နွယ်”

“နွယ် နွယ် တကယ်တောင်းပန်ပါတယ်၊ အစ်မတို့ မိသားစုကို ပျက်ပြားစေလိုတဲ့ စိတ် မရှိပါဘူး၊ တကယ်ပါ အစ်မရယ်”

သူ့အသံဟာ မိုးသံနဲ့အတူ ရောနှောနေခဲ့တယ်သိပ်နာကျင်ဖွယ်ရာကောင်းလွန်းလှတယ်။ သူက ကျွန်မအမျိုးသားကို ဘယ်လောက် ချစ်မိနေကြောင်း ဝန်ခံပြောဆိုနေတယ်။

“အစ်မ မကျေနပ်လို့ လုပ်မယ်ဆိုလည်း ဘာလုပ်လုပ်နွယ်ခံပါ့မယ်။ ဒါပေမဲ့ အစ်ကို့ကို အစ်ကို့ကိုတော့... ကျွန်မ ဖုန်းကိုချပစ်လိုက်တယ်။ သူက ကျွန်မထက်တောင်ပိုရူးသွပ်နေတယ်လို့ ထင်ရတယ်ကျွန်မ သူ့ဆီ စာတစ်စောင်

ပို့လိုက်တယ်။ "အစ်မ ဘာတတ် နိုင်မှာမို့လဲ နွယ်၊ အချစ်က သိပ်ထူးဆန်းတယ်မဟုတ်လား၊ ဘယ်သူ့ကို ဘယ်လောက်ချစ်ချစ် ကံကုန်ရင် ဝေးကြဖို့ တစ်နည်းနည်း ဖန်လာတာပဲ၊ ချစ်ခြင်းမေတ္တာဟာ ရိုးရှင်း ကယက်ဖြစ်ကုန်တယ်၊ စကားတွေအများကြီးတော့ မပြောချင်ပါဘူး၊ ပေမယ့် ဝဋ်ကြွေးတွေ ရောနှောလာတဲ့အခါ ဘဝတွေပါ ကယောက် နွယ်နဲ့ မောင် အဆင်ပြေဖို့ပဲ မျှော်လင့်ပါတယ်။"

တိတိကျကျပြောရရင် အိမ်ထောင်သက်တမ်း ငါးနှစ်နဲ့ ခြောက် လပြည့်ဖို့ နှစ်ရက်အလိုမှာ ကျွန်မနဲ့ ဇော် ကွာရှင်းပြတ်စဲခဲ့ကြတယ်။ ရန်ကုန်မှာ ဇော်နဲ့ ကျွန်မ စုပြီး ဝယ်ထားတဲ့ အိမ်နဲ့ခြံကို ဇော်က ကျွန်မနာမည်နဲ့ပဲ စာချုပ်ချုပ်ပေးထားပြီးသား။ အိမ်စာချုပ်နဲ့ ငွေသားတချို့ ကျွန်မကိုပေးတယ်။

"မေ မယူပါရစေနဲ့ ဇော်၊ မေ့ဘာသာ လုပ်စားနိုင်ပါတယ်" "မဟုတ်ပါဘူး မေရယ်၊ မောင်က အဲ့လိုသဘောမျိုးနဲ့ပေးတာ မဟုတ်ပါဘူး၊ မောင့်အပေါ် အရာရာနားလည်ပေးခဲ့တဲ့ မေ့အတွက် မောင် ပေးချင်တာ ပေးနိုင်တာလေး ပေးလိုက်ချင်လို့ပါ၊ လက်ခံပေးပါ မေရယ်၊ ဒါတွေဟာ မောင်ပေးနိုင်တဲ့ မောင့်ရဲ့နောက်ဆုံးလက်ဆောင် တွေပါ"

"ကောင်းပါပြီ၊ ကျေးဇူးတင်ပါတယ်၊ အစစအရာရာလည်း ဂရုစိုက်ပါဇော်"လို့ ပြောပြီး မတ်တတ်ထအရပ်မှာ–

"မောင် စကားတစ်ခွန်းလောက် ပြောလို့ ရနိုင်ဦးမလား" ဇာ်ဘက်ကို ပြန်လှည့်လိုက်ပြီး မေ ခေါင်းသာညိတ်ပြလိုက်တော့ ဇော် မျက်ရည်ကျလျက်...

"မောင့်ကို လက်ထပ်ယူခဲ့တဲ့နေ့ကစပြီး မေက တာဝန်ကျေ ခဲ့ပါတယ်၊ အမေလို၊ အစ်မလို၊ ဇနီးတစ်ယောက်လို ပါရမီဖြည့်ခဲ့တဲ့ အတွက်လည်း ကျေးဇူးတင်ပါတယ်၊ ပြီးတော့ ပြီးတော့ တကယ် မင်းကို ချစ်ခဲ့တာပါ၊ဒါပေမဲ့ကွာ.."

၅။း

မောင့်နှုတ်ခမ်းကို ကျွန်မ လက်ညှိုးနဲ့ ပိတ်လိုက်ပြီး"လောကမှာ ချစ်ရင်း သေတဲ့သူနဲ့ ကြိုးစားရင်းသေတဲ့သူ နှစ်မျိုးရှိတယ်၊ တစ်မူထူးပြီး ဇော် နောင်တနဲ့ သေတဲ့သူတော့ မဖြစ် စေနဲ့၊ အရာရာဟာ ပိုကောင်းဖို့ ဖြစ်လာတာပဲလေ၊ ဟုတ်တယ်မဟုတ်လား" ဆိုပြီး နောက်ဆုံးအနေနဲ့ ဇော့်နဖူးကို ကျွန်မ ပေးနိုင်မည့် မေတ္တာအနွေးဓာတ် တစ်ခုသာ နမ်းပြီး ပေးခဲ့တယ်။ ပျော်သလိုသာ နေပါတော့ကွယ်၊ ဇော်နဲ့သူမ ဘယ်လို ဆက်သွားလဲ ကျွန်မ မသိချင်၊ သူတို့ မန္တလေးမြို့မှာသာ ကျန်ခဲ့ပြီး ကျွန်မအတွက်နဲ့ မိဘတွေကိုရော ယှဉ့်ကိုရော စိတ်ဒုက္ခတွေ မပေးလိုတော့ဘူး။ နောက် သိခါမှ သိရော ဆိုပြီး ဘယ်သူ့မှ မပြောပဲ နေခဲ့တယ်။ ရန်ကုန်အိမ်မှာပဲ ရှေ့ကို

အခန်းထပ်ထုတ်ပြီး ကျွမ်းကျင်တဲ့ လူအငှားခေါ်ကာ အလှပြင်ဆိုင်ဖွင့်ခဲ့ပြီး စာပြန်ရေးဖို့ ဆုံးဖြတ်လိုက်တယ်။ ဇာတ်လမ်းတွေထက် ကဗျာတွေပဲ ကျွန်မ ရေးချင်တော့တယ်။ သူ့နာမည်က မိုးမိုးလွင်တဲ့၊ ကျွန်မက သူ့ကို မိုးမိုးလို့ ခေါ် တယ်။ ငယ့်လိုပဲ ကျွန်မကို ဂရုစိုက်တယ်။ ဆိုင်ကိုလည်း စိတ်ချရတယ်။ သူချည်းပဲ ဦးဆောင်တယ်၊ အားကိုးရတယ်။ တစ်ခါတလေ စကား ပြောဖြစ်ကြရင်–

"မိုးလေ အစ်မကို သိပ်အားကျတာပဲ သိလား၊ တစ်ကိုယ်ထဲအေးဆေးပဲ

အဲ့အခါကျရင် ကျွန်မက ရင်ထဲက နာကျင်မှုတွေ မြင်မသွား အောင် ပြုံးပြခဲ့ရသေးတယ်။ "မိုး အစ်မနဲ့ အမြဲအတူနေမယ် သိလား၊ အစ်မကို အတုခိုးမယ် အစ်မအနားမှာ အမေလို၊ အစ်မလို အမြဲလုပ်ကျွေးပြုစုမယ်" "ကျေးဇူးတင်ပါတယ် မိမိုးရယ်၊ နင်ပြောတာနဲ့ ငါ့ကိုယ်ငါ အဖွားကြီးလိုပဲ ခံစားလိုက်ရတယ်"

ကျွန်မရဲ့ ပထမဦးဆုံး ကဗျာစာအုပ်။

"အချစ်သည် ဤမျှလောက် နာကျင်ရ၏"

အဲဒီစာအုပ်က အမှတ်မထင် မှန်းထားသည်ထက် ရောင်းအား ကောင်းသွားပြီး လူကြိုက်များခဲ့တယ်။ ..

မေ၊ မေ့စာအုပ်ဖတ်ရတယ်၊ ငယ် သိပ်ဝမ်းသာတာပဲ သိလား၊ ဇော်တော့ ပျော်နေတော့မှာပဲ၊ သူ့အမျိုးသမီးက ကဗျာဆရာမကြီး

ဖြစ်သွားပြီဆိုတော့" "ငယ်......

မေ အခု ရန်ကုန်မှာ"

" ဟယ် . . .ဟုတ်လား၊ အန်တီတို့ဆီ ရောက်နေတာလား" "မဟုတ်ဘူး၊ အလှပြင်ဆိုင်ဖွင့်ထားတယ်၊ ငယ့်ကို မပြောပြ ဖြစ်တာ၊ ပြီးတော့ ဇော်နဲ့ ကွာရှင်းလိုက်ပြီ၊ ရှေ့လ နှစ်ဆယ့်ရှစ်ရက်ဆိုကိုးလ ပြည့်ပြီ ငယ်"

ငယ့်ဘက်က ခဏတိတ်ဆိတ်သွားပြီး–

"ငယ့်ကို ဘာမှလည်း မပြောပါလား မေရယ်၊ အရင်ဆို ဖုန်းပြောရင် ပြောနေကျပါ""စကားမပြောရတာ ကြာနေပြီဆိုတော့ပြီးတော့ ပြောတဲ့အချိန်ကလည်း စကားကမကြုံလို့ပါ ငယ်ရယ်၊ မေ့ကြောင့်နဲ့လည်း စိတ်တွေ မများစေချင်တော့ပါဘူး"

""အန်တီတို့ရော သိလား" "ဟင့်အင်း"

"မေ အဆင်ပြေရဲ့လားဟင်""

"ပြေပါတယ်"

"'"အင်းပါ ကျန်းမာရေးလည်း ဂရုစိုက်ဦး၊ တစ်ခုခုဆို ငယ့်ကို ပြော၊ ငယ်ရှိတယ် သိလား"

"အင်းပါ တစ်ရက် လာလည်ဦးလေနော်"

"အင်း"

မိုးရာသီရဲ့နေ့တစ်နေ့ပါပဲ။ ဒါပေမဲ့ နေက ချစ်ချစ်တောက်ပူလို့မြို့ထဲကိုသွားရင်း ကျွန်မစိတ်မှာ လူတစ်ယောက်ကို တွေ့ချင်နေတော့ တမင်တကာ အရင်နေရာဆီ ကားကို လှည့်မောင်းသွားခဲ့တယ်။ ကျွန်မတို့နေခဲ့တဲ့ အဆောင်ကြီးဟာ အတော်တောင် ဟောင်းနေခဲ့ပါပြီ။ သစ်ပင်တွေက အခက်အလက်ရှည်တွေကြောင့် ကားလမ်းဘက်ကို ညွှတ်ကိုင်းကျနေတယ်။ လမ်းကို ထပ်ချဲ့ထားတော့ အဆောင် ရှေ့ကကွမ်းယာဆိုင်တော့ မရှိတော့။ရှေ့ကို ဘီးလေးငါးဖတ်လောက်လှည့်လိုက်ရင် အစ်ကို့ဆိုင်ရှေ့ရောက်တော့မယ်။ ကားဘီးတစ်လှိမ့်ချင်း လှိမ့်သွားရင်း နီးကပ်လာလေလေ ကျွန်မရင်မှာ မွန်းကျပ်လာလေလေပဲ။ အဲဒီနာကျင်မှုကို အသစ်တစ်ဖန် ပြန်ခံစားနေရတယ်။ ကားရပ်လိုက်ပြီး ဆိုင်ထဲကို ကြည့်လိုက်တော့ အမျိုးသားတစ်ဦးဟာ ကျွန်မရှိရာဘက် ကျောပေးပြီး ပန်ကာပြင်နေတယ်။

ကားပေါ်က ဆင်းပြီး

အစ်ကို

ဗျာ

ဪဗျာတဲ့၊ သူ့အသံဟာ တိုးလွန်းလှတယ်။ သူ့ဆံပင် အချို့မှာလည်း ဖြူနေပြီ။ သူ့နှုတ်ခမ်းတွေအရင်လို ရဲမနေတော့။ ကွမ်းမစားဘူးထင်ပါရဲ့။ သူ့လက်တွေမှာ သွေးကြောများအထင်းသား ပေါ်နေပြီး ၄၉ နှစ်ကျော်လောက်ရှိနေပြီဖြစ်တဲ့ အမျိုးသား ဟာကျွန်မကို "ဗျာ"လို့ထူးကာ လှည့်ကြည့်ပြီး နှုတ်က- " "

မေ

အစ်ကိုဟာ ကျွန်မ နာမည်ကို မှတ်မိနေသေးတယ်။ သူ့မျက်ဝန်း တွေက အရင်လို ညို့ နေဆဲ လှဆဲပဲ။ ပိုပိန်သွားလိုက်တာ အစ်ကို ရယ်၊ စိတ်ထဲကတွေးခဲ့ပြီး ကျွန်မ မျက်ရည်မကျလိုက်မိ အောင်မနည်းထိန်းထားခဲ့ရတယ်။

မေ ဟုတ်လားဟင်

"ဟုတ်ပါတယ် အစ်ကို"

မျက်ရည်ကျသွားပြီး သူ မျက်ရည်ကို ချက်ချင်းသုတ်လိုက်တယ်။

"နေကောင်းတယ်ဟုတ်လားမေ "

"ကောင်းပါတယ် အစ်ကို၊ အစ်ကို့အမျိုးသမီးရော" မလာသေးဘူးလေ"

"ပြီးခဲ့တဲ့ ကာလတွေမှာ အဆင်ပြေခဲ့ရဲ့လား အစ်ကို" ဒီမေးခွန်းကိုမေးရဖို့ ကျွန်မ အချိန်ဘယ်လောက်တောင် ကြိုးစားခဲ့ရလဲ။ ဘယ်လောက်တောင် စောင့်ခဲ့ရသလဲ။ ဆယ့်သုံးနှစ်ကျော်ဟုတ်တယ် ဆယ့်လေးနှစ်။

"ပြေခဲ့ပါတယ် မေ၊ ပြီးတော့ ကိုယ်တောင်းပန်ပါတယ်""ပြီးခဲ့တာတွေ ပြီးပါစေတော့ အစ်ကိုရယ်" ဘာစကားမှ မပြောဘဲ နှစ်ယောက်လုံး တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်နေမိခဲ့ကြတယ်။ ကျွန်မကစ အကြည့်တွေကို ထုံးစံအတိုင်း...ရပ်ပြီး "မီးပလတ်ခေါင်းတစ်ခုပဲ ပေးပါ"

အစ်ကို ယူပေးတော့ ငွေရှင်းပြီး ကားပေါ်ပြန်တက်ခဲ့တယ်။ ကားမောင်းထွက်သွားတဲ့ထိ အစ်ကို ကျွန်မကို ကြည့်နေပြီး ကျန်နေခဲ့ တယ်။

ကျွန်မလည်း ကားမှန်ထဲက ကြည့်နေခဲ့တယ်။ ကားမောင်း နေရင်း နောက်ခန်းက ဝိုင်ပုလင်းကို လှမ်းယူလိုက်တယ်။ အတွေးထဲမှာ ဘာမှမရှိ။ ဒါတစ်လုံးကုန်မှ အိမ်ပြန်မယ်ဆိုပြီး တစ်နေ့လုံးကားပတ်မောင်း နေမိတယ်။

မနက်က ချစ်ချစ်တောက်ပူနေတဲ့ နေဟာ ညနေငါးနာရီမှာမိုးသဲကြီးမဲကြီး တရွာတဲ့ အချိန် ကျွန်မလည်း မူးနေခဲ့ပြီ။ ကားကို သတိနဲ့ မောင်းနေပေမယ့် အဲဒီမိုးနဲ့အတူ ကျွန်မခြေထောက်တွေကို စွန့်ပစ်ခဲ့ရတယ်။ကျွန်မ လမ်းမလျှောက်နိုင်တော့ဘူးဆိုတော့ မိုးမိုးက အလုပ်ကို လည်းတာဝန်ယူ၊ ကျွန်မကိုလည်း ပြုစုပေးရနဲ့ ပင်ပန်းနေခဲ့ ရရှာ တယ်။

"စိတ်ကို သက်သောင့်သက်သာနေပါ၊ လုပ်ချင်တာတွေ အကုန်လုပ်ပြီး ပျော်အောင်နေပါ"

သေဆုံးတော့မယ့် လူနာကို မှာသလိုမျိုး ဆရာဝန်က မှာခဲ့ တယ်။ ကျွန်မ မကြောက်ပါဘူး၊ သေဆုံးခြင်းဟာ လောကသဘာဝ တရားတစ်ခုပဲလေ။ ဒါပေမဲ့ ကျွန်မ ဝမ်းနည်းမိတယ်။ သေခြင်းဟာ ဘယ်တော့မှ ပြန်မဆုံတော့ဘူး။ သူပြောချင်တဲ့ စကားတွေလည်း ကိုယ်မကြားရသလို ကိုယ်ပြောချင်တာတွေလည်း သူကြားရတော့မှာ မဟုတ်ဘူး။ တွေ့ချင်လည်း တွေ့လို့မရ။ ဘယ်ဘဝမှာ ဘယ်သူနဲ့ ရှိနေမလဲ ဘာမှ မသိရတော့ တကယ်ကို ဘယ်တော့မှ ပြန်မဆုံနိုင် တော့အောင် ခွဲနိုင်တာက

သေခြင်းတရားပဲ။

ကျွန်မသေသွားတဲ့အခါ အစ်ကို့အသံကိုကြားရတော့မှာ မဟုတ် ဘူး။ အစ်ကိုအဆင်ပြေရဲ့လား ကျွန်မသိရတော့မှာ မဟုတ်ဘူး။ သိပ်ကြာကြာမခံတော့ဘူးလို့ သိထားပြီးထဲက ကျွန်မရဲ့ ဒုတိယမြောက် စာအုပ် ထုတ်ဖို့အတွက် ကြိုးစားခဲ့တယ်။

"ငါကျူးလွန်မိတဲ့ ကံတစ်ပါးဟာ မင်းပဲ"

ဘယ်တော့မှ ပြန်မဖတ်တော့ဘူး၊ ဆက်လည်း မရေးတော့ဘူး ဆိုပြီးသိမ်းထားခဲ့တဲ့ အဆုံးမရှိတဲ့ ဇာတ်လမ်းလေး။ လွန်ခဲ့တဲ့

ဆယ့်လေးနှစ်က ရေးဖြစ်ခဲ့တဲ့ နောက်ဆုံးအချစ်၊ နောက်ဆုံးစာမျက်နှာ ကျွန်မအတွက် နောက်ဆုံးရင်နာစရာ အဖြစ်ပျက်ကလေးပေါ့။ သိမ်းထား ခဲ့တာတောင် အတော်ကြာခဲ့ပြီ။ ဖုန်တွေလည်း တက်လို့။ တချို့ စာမျက်နှာတွေမှာ စာတချို့တောင် ပျက်နေခဲ့ပြီ။

ပြန်ဖတ်နေရင်း တချို့နေရာတွေမှာ ကျွန်မ ငယ်ရွှယ်မှုတွေ ငယ်ရဲ့ ဂရုစိုက်မှုတွေကို ခံစားမိတယ်၊ မျက်ရည်ကျခဲ့ ရတယ်။ နောင်တလည်း ရတယ်၊ ပြီးတော့ တစ်ခါပြန်လည် အစ်ကို့ကို သတိရ မိပြီး ငိုနေမိခဲ့ပြန်တယ်။ မပေးဖြစ်ခဲ့တဲ့ အဲဒီလက်ဆောင်လေး အခုထိ ရှိနေဆဲ အစ်ကို့လက်မှာ အမြဲပတ်ထားစေချင်ခဲ့တာ အဲဒါလေးကို မြင်တိုင်း မေ့ကို သတိရစေချင်ခဲ့တာ။

"တစ်သက်လုံး အနားမှာ ထားမှာပေါ့ကွာ"လို့ ပြောတုန်းက အချိန်တိုင်း သတိရနေပါစေတော့ဆိုပြီး ပေးချင်ခဲ့တာ၊ ဘာလေးဝယ်ပေး မယ်မှန်းတောင် အစ်ကို မသိခဲ့ဘူး။ အခုတော့ အခုတော့ အစ်ကိုရယ် အားအကုန်သုံးကာ ပြတင်းပေါက်ကနေ လွှင့်ပစ်လိုက်တယ်။ အဆုံး သတ်ပြီး စာအုပ်ထုတ်ဖို့အတွက် စီစဉ်လိုက်တယ်။

"မိုးမိုး"ရှင့် အစ်မ"

"ဒီစာအုပ်လေးနှစ်အုပ်ကိုဒီလိပ်စာနှစ်ခုဆီ ပို့ပေးပါ"

"ဟုတ် အစ်မ"

အဲဒီ လူနှစ်ယောက် အဲဒီစာအုပ်လေးကို ဖတ်နေတဲ့အချိန်မှာကျွန်မ ရှိချင်မှ ရှိတော့မှာ။ ငယ့်ကို သတိရတယ်။ ကျွန်မအကြောင်းတွေကို ငယ်သိတဲ့အခါ ငယ် ငိုနေမလား။ မှတ်မှတ်ရရ အဲဒီနေ့မနက်က မြူတွေဆိုင်းနေတယ်။ ဆောင်း အစဆိုတော့ အေးစိမ့်နေရောပဲ။ အပြင်ကို ငေးမောနေရင်း အေးစက်နေတဲ့ လေတွေကို ရှူသွင်းနေပေမယ့်လည်း ရင်ထဲမှာ မွန်းကျပ်လာခဲ့တယ်။

တစ်စုံတစ်ယောက်ကို သတိရလိုက်တယ်။

“မင်း ချစ်ချစ်၊ မချစ်ချစ် ကိုယ် မင်းကို တစ်သက်လုံး ချစ်သွားမှာပါ”

အဲဒီအသံ၊ အဲဒီမျက်ဝန်းညိုတွေ၊ ဩော် မျက်ဝန်းညိုတွေ။ မျက်ရည်များစွာ ပါးပြင်ပေါ်ကို စီးကျလာပြီး ငါဟာ ချစ်ရင်း သေမယ့်သူပဲ၊ ကိုယ့်ကိုယ်ကိုယ် အမည်တပ်လိုက်တယ်။ ရင်ထဲ မွန်းကျပ်လာပြီး အသက်ရှူရခက်လာတော့ စိတ်ကို လျော့ချလိုက်တယ်။ မျက်လုံးများကိုလည်း မှိတ်ချပစ်လိုက်တယ်။

ပြီးတော့...ငါ လွတ်မြောက်ပါရစေတော့ အစ်ကိုရယ်.. ငါ လွတ်မြောက်ပါရစေတော့။

မယ်သို

Whisper Of Words